
GREEN
Lah Phan
EYE

~~1~~

"ဒီနေ့ ကိုကို ပြန်ရောက်မှာနော် ညစာ ဒီမှာ လာစားမှာတဲ့ ကြီးပု ကိုကို့အကြိုက်တွေ သေချာ လုပ်ထားရဲ့လား.."

ထမင်းစားခန်းထဲ ငြင်ငြင်သာသာ လျှောက်ဝင်လာရင်း ရှင်းခန့်က မေးသည်။ပြီးတော့ ထမင်းစား စားပွဲဝိုင်းကို ကျော်ကာ ကြီးပု ချက်ပြုတ်နေသော အနောက်ဖက် အကန့်လေးအထဲထိ ဝင်ရောက်ကာ အသေးစိတ် ကြည့်ရှုနေပြန်သည်။

"ပုစွန်က လတ်ရဲ့လားဟင် အစိမ်းသုတ်မှာဆိုတော့ အနံ့ပျောက်အောင် သေချာဆေးဦးနော် အထွေးလေး.."

"ဟုတ်ကဲ့ပါ အကိုလေးရဲ့ စိတ်ချပါ.."

အထွေးလေးက ပြောတော့ ရှင်းခန့်က ကြည်ကြည်သာသာလေး ပြုံးပြပြီးမှ...

"ဒါက ဘာတွေလည်း ကြီးပု..."

"ငါးရံ့အူတွေလေ မန်းကျည်း အနှစ်လေးနဲ့ ချဉ်စပ်လေး ချက်မလားလို့ ကိုနိုင်းက ဟိုမှာ နေခဲ့တာ ကြာပြီဆိုတော့ ဗမာချက်တွေ လွမ်းနေမလားလို့လေ အားလုံး ချဉ်ငံစပ်တွေချည်း စီစဉ်ထားတယ်.."

ကြီးပုပြောတော့ ရှင်းခန့် ခေါင်းတညိတ်ညိတ်ဖြင့်...

"ကောင်းတယ် ကိုကိုက အရသာဆို ချဉ်ငံစပ်လေးမှ ကြိုက်တာလေ ဒီညနေတော့ သူ့အကြိုက်တွေချည်းပဲ စားပွဲပေါ် ပြည့်နေပါစေ.."

ရှင်းခန့်က ပြောတော့ ဒေါ်ပု သဘောတကျ ခေါင်းငြိမ့်ပြီးမှ...

"သားကတော့ ကိုနိုင်းကို အခုထိ အသေးစိတ် ဂရုစိုက်နေတုန်း.."

"စိုက်ရတာပေ့ါ ကြီးပုရဲ့ ကိုကိုက ကျွန်တော့်အချစ်ဆုံးတွေထဲက တစ်ယောက်ပဲကို.."

"ဟုတ်ပတော် ကိုနိုင်းကလည်း ရှင်းခန့်မှ ရှင်းခန့်ပါ ငယ်ငယ်ထဲက ထိန်းကျောင်း ချီပိုးရင်း အရိပ်တကြည့်ကြည့်နဲ့ သူ့မှာချစ်လိုက်တာ ဆိုတာ မိုးလင်းကနေ မိုးချုပ်အထိ ရှင်းခန့် ဆိုတာကြီးပဲ.."

ကြီးပုက ငယ်ကအကြောင်းတွေကို စားမြုံ့ပြန်လေတော့ ရှင်းခန့် ခပ်ဖွဖွလေးသာ ရယ်လေသည်။ဟုတ်ပါတယ် ကိုကိုက ငယ်ငယ်လေးထဲက သူ့ကိုဆို အရိပ်တကြည့်ကြည့်နဲ့ အရမ်းချစ်တာ။မေမေဆုံးသွားပြီးတော့ မိတဆိုးလေးဆိုပြီး ဂရုဏာတွေ ပိုခဲ့သလို ဖေဖေနှင့်အန်တီချို လက်ထပ်ကြတော့လည်း အနားမှာ ဒိုင်ခံနှစ်သိမ့်ပေးခဲ့တာ။ဦးမောင် လက်ထပ်သွားလည်း ညီလေးရဲ့ အနားမှာ ကိုကိုရှိနေမည် ဆိုတဲ့အကြောင်းတွေ။ပြီးတော့ အန်တီနီလာကရော ဘာထူးလို့လဲ သူ့ကိုဆို သူမ မမွေးထုတ်ထားယုံတမယ် သဲသဲလှုပ်ချစ်တက်တာ။မမဇွန်ဆိုတာလည်း မောင်အရင်းဖြစ်တဲ့ ကိုကို့ထက်တောင် သူ့ကို ပိုသဲတာ ငယ်စဉ်ထဲကနေ ယခုအချိန်အထိ ဖြစ်သည်။အန်ကယ်တစ်ယောက်သာ ဖာသိဖာသာ နေတက်တာ။ငယ်ငယ်ရွယ်ရွယ်ဖြင့် မိတဆိုး ဖြစ်ခဲ့ရရင်း ဖေဖေ နောက်အိမ်ထောင်ထူလို့ မိထွေးရခဲ့ပေမဲ့ ဟိုတုန်းထဲက နှစ်အိမ်တစ်အိမ် ဆွေမျိုးတွေလို နေထိုင်ခဲ့ကြတဲ့ ကိုကိုတို့ မိသားစုရဲ့ အရိပ်အောက်မှာ သူမျက်နှာငယ် မေတ္တာငတ်ခဲ့ရတာမျိုး မရှိခဲ့တာတော့ အမှန်။

"ကိုနိုင်းဆိုတာ အကိုလေးအခန်းထဲက ဟိုဓာတ်ပုံ အကြီးကြီးထဲက အရမ်းချောတဲ့ ဒေါက်တာအကိုကြီးလားဟင် အကိုလေး.."

အထွေးက မျက်လုံးလေးတွေ အရောင်တောက်လာကာ စပ်စပ်စုစု မေးသည်။သစ်ရွက်လှူပ်ရင်တောင် ရင်ခုန်ချင်တဲ့ မြီးကောင်ပေါက် အရွယ် မဟုတ်ပါလား။အထွေးက သူတို့အိမ်ကို ရောက်တာ ၃နှစ်ပဲရှိသေးတာမလို့ ဩဇီမှာ ဖနှစ်နီးပါ ပါရဂူဘွဲ့အတွက် ရောက်ရှိနေတဲ့ ကိုကို့ကိ်ု မတွေ့ဘူး မမြင်ဘူးပေ။

"အမယ်လေး မိထွေး ဘာကို အရမ်းချောတာလဲ ညည်းနော် အနေအထိုင် ဆင်ခြင်စမ်း။နီလာတင့်တို့က သူ့သားနဲ့ ပတ်သတ်ရင် တော်ရုံ မိန်းကလေး မျက်စိထဲ ထည့်တာ မဟုတ်ဘူးအေ့။သူတို့တွေက ဟိုတုန်းထဲက ဆွေကြီး မျိုးကြီး မျက်နှာကြီးတွေ။ဟိုက လာရင် ညည်းသွားမရှုပ်နဲ့နော်။ပြဿနာရှာ လို့ကတော့ အထုပ်တောင်မပြင်ရဘဲ ရှာပြန်ရမယ်မှတ်.."

ကြီးပုက ကြိမ်းကြိမ်းမောင်းမောင်း ပြောတော့ အထွေး ဇက်ကလေး ပု သွားရကာ

"သမီးက ဒီအတိုင်းပဲ ပြောတာပါ ကြီးပုရဲ့..."

"အမလေး ဒီအတိုင်းလည်း မပြောနဲ့ ဟိုအတိုင်းလည်း မပြောနဲ့။နီလာ တင့်များ ညည်းက နွယ်နွယ်ရရ ထင်လို့လား ညည်းလိုအဆင့်မျိုး မပြောနဲ့ သူ့ဆေးရုံက ဆရာဝန်မ ပေါက်စတောင် သူ့သားကို ငေးမိလို့ ၃လစာလျှော် ကြေး ပေးပြီး ထုတ်ပစ်တဲ့ မိန်းမအေ့.."

"အယ် အဲ့ဒီလိုကြီးလား ဒါပေမဲ့ အထွေးတို့ သွားရင်တော့ အန်တီနီလာက သဘောကောင်းပါတယ်.."

အထွေး နားမလည်နိုင်စွာ ပြောတော့...

"သူ သဘောကောင်းတဲ့ အထဲ သူ့သား စစ်နိုင်းတော့ မပါဘူးဟေ့.."

ဒေါ်ပု မျက်နှာအမူအရာဖြင့် မဲ့ကာရွဲ့ကာ ပြောနေတော့ အထွေးတစ်

ယောက် အူလည်လည်ဖြင့် ရှုံ့မဲ့သွားရတော့သည်။ရှင်းခန့်ကတော့ နှစ်ယောက်ကို ကြည့်ရင်းသာ ခေါင်းကိုခါယမ်းပြီး ခပ်ဖွဖွ ရယ်နေမိဆဲ....

"အထွေး...အထွေး...ဂျစ်...ဒုန်း.."

ထမင်းစားခန်းထဲမှ ခုံကို တွန်းတိုက်ဆွဲထုတ်ကာ ဆောင့်ချသံ ခပ်ကျယ်ကျယ်နှင့်အတူ မာကျောပြတ်တောင်း အေးစက်နေသော ခေါ်သံ တစ်ခုထွက်ပေါ်လာတာကြောင့် ရှင်းခန့်၏ ရယ်မောခြင်းတွေ လမ်းခုလတ်မှာရပ်တန့်သွားရသလို အထွေး၏ ကိုယ်လေးလည်း တုန်တက်သွားရတော့သည်။

"ရှင်..ရှင် ကိုလေးဒေါန.."

အထွေးက ရှင်ဆိုတာကို နှစ်ခါထပ်ကာ ကသောကမျော ထူးသည်။

"ရှင်ကို ထားခဲ့ လူအရင်လာ ထမင်းပွဲလာပြင်.."

"ဟုတ်ကဲ့ ဟုတ်ကဲ့ လာပြီ လာပြီ ကိုလေးဒေါန.."

အထွေး ပါးစပ်ကသာ ကသောကမျော ဖြစ်နေပေမဲ့ လူကတော့ ပန်းကန်ပဲ ဆွဲရမလို့ ဟင်းအိုးပဲ လှန်ရမလို ထမင်းပဲခူးရမလိုဖြင့် ကိုယ်တစ်ပတ်လည်သွားအောင် ဗျာများသွားခဲ့သည်။ရှင်းခန့် မြင်ရတာ စိတ်မသက်သာတော့ပဲ အနီးရှိအုပ်ဆောင်းအောက်မှ ဟင်းပန်းကန်အား ဆွဲယူကာ အထွေး၏ လက်ထဲသို့ ထည့်ပေးလိုက်ပြီးမှ..

"ရော့ ရော့ မြန်မြန်သွား.."

"ဟုတ် ဟုတ် အကိုလေး..."

သူမတို့အတွက်တော့ ဒီအိမ်ကြီးမှာ ဘယ်သူ့အကြောက်ရဆုံးလဲဆိုလျှင် အထွေးရော နှင်းယုရော ကိုလေးဒေါနကိုသာ လက်ညှိုးထိုးမှာဖြစ်လေသည်။အဖေပါ အမေပါ ညီအစ်ကိုမလို့ ထင်ပါတယ် အကိုလေးရှင်းခန့်က

နွေးထွေးနူးညံ့သလောက် ကိုလေးဒေါနကတော့ အမြဲတမ်း မှုန်ကုပ် အေးစက်ကာ တလောကလုံး သူ့လုပ်စာထိုင်စားနေရတဲ့အတိုင်း။လက်ပါခြေပါ မလုပ်တက်ပေမဲ့ မထင်ရင် မထင်သလို မျက်နှာကြောတင်းတင်းဖြင့် ဆူပူငေါက်ငမ်းတက်တာမလို့ သူမတို့က ကိုလေးဒေါနကိုဆို ကြောက်ရွံ့ပြီး ရှိန်နေရတာမျိုး။စစရောက်တုန်းကဆို အထွေးတို့ ကိုလေးဒေါနရဲ့ အရိပ်ကိုမြင်တာနှင့် လက်တုန် ခြေတုန် မျက်ရည်တွေရစ်ဝဲရတဲ့အထိ။

"တာနော့ယက္ခတော့ လာပြီ..."

ကြီးပုက မဲ့ရွဲ့ကာဖြင့် ခပ်တိုးတိုးပြောသည်။ဒေါနက အိမ်မှာဆို အမြဲတမ်း ကြမ်းတမ်းရိုင်းစိုင်း နေတက်တာမလို့ ဒေါ်ပုက တိုးတိုးတမျိုး မကြားတကြားတဖုံ မဲ့မဲ့ရွဲ့ရွဲ့ ကင်ပွန်းတက်ပစ်တာ တာနော့ယက္ခတဲ့။ရှင်းခန့်ပြုံးရယ်၍ ခေါင်းကို ခါယမ်းကာ....

"ကြီးပုကတော့ ပြောတော့မယ်.."

ကြီးပုအား ပြောပြီးမှ ထမင်းစားခန်းထဲ အထွေးနောက်မှ လိုက်ဝင်ခဲ့လိုက်သည်။

"တောက်! ငါလုပ်လိုက်ရ သေတော့မယ် နင့်ငါ့ကို လာရွဲ့နေတာလား မိထွေး..."

ဒေါန၏ ဒေါသသံ ခပ်ပြင်းပြင်းက လွင့်ကနဲ ထွက်လာတာကြောင့် ရှင်းခန့် မျက်မှောင်ကြုတ်သွားရပြီးမှ ခြေလှမ်းတို့ကို ပို၍ အရှိန်တင်လိုက်ရသည်။

"မဟုတ်ပါဘူး မဟုတ်ပါဘူး အထွေးမလုပ်ရဲပါဘူး ကိုလေးဒေါနရယ်.."

အထွေးခြေခါလက်ခါ ပြောတော့ ဒေါနက ဟင်းပန်းကန်ကို စားပွဲပေါ် ဆောင့်ချကာ...

"ပြန်ယူသွား အလုပ်လုပ်ရင် အမြဲတမ်း ပေါ့တီးပေါ့ဆနဲ့..."

မျက်မှောင်ကို လိုသည်ထက် ပို၍ကုပ်ချိုးကာ ဆူပူနေသော အနားသို့ ရှင်းခန့် လျှောက်သွားလိုက်ရင်း....

"ဘာဖြစ်တာလဲ ဒေါ်န.."

ရှင်းခန့် လေသံအေးအေးဖြင့် ပြောတော့ ဒေါ်နက မျက်ဝန်းစိမ်းများဖြင့် တချက်သာ ဝေ့ကြည့်ပြီး ဘာမှပြန်မပြော။ရှင်းခန့်က ကိုယ့်ဖာသာပဲ စားပွဲပေါ်မှ ငရုတ်သီးရောင် ရဲနေသော ဟင်းခွက်ကို ဝေ့ကြည့်ရင်း အခြေအနေကို သဘောပေါက်သွားရတော့သည်။ဒေါ်နက ငယ်စဉ်ထဲက အစပ်မစားနိုင်သည့်သူ ဖြစ်လေသည်။

"အော် ကိုကို့အတွက် ပြင်ထားတာတွေနဲ့ မှားယူခဲ့မိတာ ဖြစ်မှာပေါ့ သွားသွား အထွေး သွားပြန်လဲပေးလိုက်..."

"ဟုတ်ကဲ့ အကိုလေး.."

ထိုအခါမှ အထွေးက တုန်တုန်ချိချိဖြင့် ပန်းကန်အား ဆွဲယူကာ လဲလှယ်ပေးလေသည်။ဟင်းပန်းကန် ပြန်ရောက်လာတော့ ဒေါ်နက ဘာမှမပြောပဲ ထမင်းကိုသာ ငုံ့စား၏။ရှင်းခန့်က ဒေါ်နအား လက်ပိုက်လျှက် ကြည့်ရင်း....

"ကလေးတွေဆိုတာ ဒီလိုပါပဲကွာ မင်းက တအားအော်လေ သူတို့က ကြောက်ပြီး အမှားတွေပိုလုပ်လေပဲ တခါတလေ ချိုချိုသာသာလေး ပြောပြီး ခိုင်းကြည့်ပါလား.."

ရှင်းခန့်၏ စကားကြောင့် ဒေါ်န၏ ကော်ဖီညိုရောင် မျက်ခုံးတန်းများ တွန့်ကွေးသွားရပြီးမှ မျက်နှာမော့လာကာ...

"ဟျောင့် စောက်ပိုတွေ ပြောပြီး ရွှေပြည်အေး တရားလာပြမနေနဲ့ ပိုက်ဆံပေးပြီး အလုပ်လုပ်ဖို့ခေါ်ထားတာ အလကားခေါ်ခိုင်းနေတာ မဟုတ်ဘူး

စောက်ချိုးမပြေရင် ပြောရမှာပဲ.."

ဒေါနဆီမှ စကားကြမ်းကြမ်းများ ခုန်ပေါက်ထွက်လာတော့ ရှင်းခန့် သက်ပြင်းလေး ရှိုက်မိပြီး....

"မဟုတ်ပါဘူးကွာ ငါပြောတာက လူဆိုတာ တခါတလေ လွဲတက်.."

"ကျစ်!.." "ဒေါက်..."

ရှင်းခန့်၏ စကားမဆုံးသေးပဲ ဒေါနက ကျစ်ကနဲ စုတ်သတ်ပစ်ကာ ဇွန်းကိုပါ အသံမြည်အောင် ဒေါက်ကနဲ ပြစ်ချပစ်၍...

"စောက်ရမ်း အာရုံပဲကွာ မင်းအဲ့ဒီလောက် ဆရာလုပ်ရတာ ဝါသနာကြီးနေတာ အဘိဓမ္မာသင်တန်းတို့ ယဉ်ကျေးလိမ္မာသင်တန်းတို့ ဖွင့်လိုက်ပါလား..."

မျက်ခုံးတန်းတွေကို ပင့်မရင်းပြောတော့ ရှင်းခန့် သက်ပြင်းကို ဆောင့်ချပြီးမှ...

"ငါက မင်းကို ဆရာလုပ်တာ မဟုတ်ဘူး အားလုံးနဲ့ လိုက်လျောညီထွေဖြစ်စေချင်လို့ ပြောပြတာ.."

ရှင်းခန့်ပြောတော့ ဒေါနက နေရာမှ ထရပ်ကာ ဟွန့်ကနဲ မဲ့ပစ်၍...

"ဟွန့်! ငါကရော လိုက်လျောညီထွေ ဖြစ်ချင်တယ်လို့ မင်းကို ပြောမိလို့လား.."

ဒေါန၏ စကားကြောင့် ရှင်းခန့် ပြောစရာ စကားတို့ ပျောက်ရှသွားရသည်။ဒေါနက ထောင့်ချိုးညီနေသော နှုတ်ခမ်းတို့အား ခပ်မဲ့မဲ့ တွန့်ကွေးကာဖြင့်....

"မိုက်ရိုင်းရတာကို ဝါသနာပါတာကွာ မောက်မာရတာကို ကြိုက်တာ ဟုတ်ပြီလား နောက်ဆို ငါ့ကို စောက်ပိုတွေ လာလာမပြောနဲ့ နားငြီးတယ်

အာရုံပဲ.."

ပြောရင်းဖြင့် ဒေါ်နက ရှင်းခန့်၏ ပခုံးတစ်ဖက်အား တိုးတိုက်ကာ ထမင်းစားခန်းထဲမှ ထွက်သွားလေတော့သည်။ဒေါ်နထွက်သွားတာနှင့် ကြီးပုနှင့်အထွေးက အပြေးအလွှား ရောက်လာ၏။

"ချိုမာက သဘောထားကောင်းသလောက် အဲ့ဒီကောင်က တအား မိုက်ရိုင်းတာပဲ။သားရှင်း ကိုယ့်ဘာသာ နေစမ်းပါ အဲ့ဒီကောင်ကို ပစားမပေးစမ်းနဲ့။တအားလူပါးဝတဲ့ကောင် သူများအိမ်မှာလည်း လာနေသေးတယ်.."

ဒေါ်ပုက မကျေမနပ် မခံမရပ်နိုင်စွာ ရေရွတ်တော့ ရှင်းခန့် သက်ပြင်းကို အသာချကာ...

"အဲ့ဒီလို မပြောပါနဲ့ ကြီးပုရယ် ဒေါ်နက အပြောသာဆိုးတာ စိတ်ရင်းက ကောင်းရှာပါတယ်.."

"အမလေးတော် ဘယ်အရင်းနားက ကောင်းတာတုန်း သားက လိုက်လိုက်လျောလျောနဲ့ အမြဲတမ်း မျက်နှာအောက်ချ ဆက်ဆံနေတာ။သူက သားကိုဆို အမြဲတမ်း ရန်လိုနေတာလေ.."

ဒေါ်ပု ရင်ဘတ်ဖိပြောတော့ ရှင်းခန့်က ခေါင်းကိုခါယမ်းကာဖြင့်...

"မဟုတ်ပါဘူး သားနဲ့သူက စရိုက်မတူလို့ပါ ဘာပဲဖြစ်ဖြစ် သားတို့က ညီအစ်ကိုတွေပဲလေ သည်းခံရမှာပေါ့.."

ရှင်းခန့်၏ စကားကို ဒေါ်ပုက ဘယ်လိုမှ ဘဝင်မကျနိုင်စွာဖြင့်...

"သားက တစ်စိတ်တစ်ဝမ်းထဲ စိတ်ထားနိုင်ပေမဲ့ သူကတော့ ရန်သူလိုပဲ မြင်နေတာလေ.."

ဒေါ်ပုပြောတော့ ရှင်းခန့် သက်ပြင်းကို ခပ်ဖွဖွချကာ...

"မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ် ကြီးပုရယ် သွေးမစပ်ဘူးဆိုပေမဲ့ ဒေါနကို ကျွန်တော့်စိတ်ထဲတော့ ညီအစ်ကိုရင်းချာလိုပဲ သဘောထားပါတယ် တစ်နေ့ကျရင်တော့ သူနားလည် သဘောပေါက်လာမှာပါ.."

ရှင်းခန့်က သူ့ထုံးစံအတိုင်း အပြုံးနွေးနွေးဖြင့် ပြောလေသည်။

"ဘာဖြစ်ဖြစ် ကျုပ်ကတော့ အဲ့ဒီအရိုင်းအစိုင်းကောင်ကို မေတ္တာကိုမရှိတာ.."

"ကဲပါ..မပြောပါနဲ့တော့ အဲ့ဒါတွေ သိမ်းလိုက်တော့..."

ရှင်းခန့်ပြောပြီးမှ ထမင်းစားခန်းထဲမှ ထွက်ခဲ့လိုက်တော့သည်။ခဏနေ ကိုကို့ကို သွားကြိုရတော့မှာမလို့ စိတ်ကိုရှင်းထားဖို့ လိုသည်မဟုတ်လား။

.

.

.

"ဒါက ဘယ်ကိုခြေလှမ်း ပြင်နေတာလဲ ဒေါန.."

"အမေ့.."

မိခင်၏အရိပ်ကို မြင်လိုက်ရတော့ ဒေါန၏ ခြေလှမ်းတို့ အရှိန်သတ်သွားရသည်။ဒေါ်ချိုမာဇင်က လက်ကိုဟန်ပါပါ ပိုက်လျှက် အနီးသို့ရောက်အောင် လျှောက်လာပြီးမှ ဒေါန၏တစ်ကိုယ်လုံးအား စုန်ချည်ဆန်ချည်ကြည့်တော့...

"ဘာကြည့်တာလဲ မမှတ်မိတော့လို့လား..."

ဒေါန ခပ်ရွဲ့ရွဲ့ ပြောတော့ ဒေါ်ချိုမာဇင် မျက်ဝန်းတို့ စူးရဲသွားရသည်။ယောက်ျားဖြစ်ပြီး ထငေါ့ရွဲ့စောင်းရတာကို ဒေါနတို့က အတော်လေး ဝါသနာကြီးလေသည်။

"ဒေါ်နု..."

"ဗျာ.."

ဆောင့်အောင်ပစ်တာကို ပုံမှန်မေးထူးခေါ်ပြော လုပ်နေသည့်အလား ပုံမှန်လေသံဖြင့် ပြန်ထူးသည်။တစ်ကိုယ်လုံး ပြိုးပျက်လက်နေတဲ့ အဝတ်အစားအဆင်အပြင်တွေရယ် လည်ပင်းတွေ လက်တွေမှာ ရှုပ်ယှက်ခတ်နေတဲ့ဆွဲကြိုးတွေ လက်ပတ်တွေရယ်နှင့် ဂုတ်ထောက်နေတဲ့ ကော်ဖီညိုရောင်လှိုင်းတွန့်ဆံနွယ်တွေ အထိကို ဘဝင်မကျစွာ ကြည့်ရင်း ဒေါ်ချိုမာဇင် လှိုက်တက်လာသော ဒေါသတွေကို ပြန်မျိုချကာ...

"နင့်ပုံစံကို နင်ပြန်ကြည့်စမ်း..."

ကြည့်စမ်းဆိုတော့လည်း တကယ်ပဲငုံ့ကြည့်သည်။ပြီးတော့မှ အနီးရှိတံခါး မှန်ချပ်တွေရှေ့ သွားရပ်ဟန်ပြင်တော့ ဒေါ်ချိုမာဇင် လက်မောင်းအားဆောင့်ဆွဲပစ်ကာ...

"ဟဲ့ အဲ့ဒါ ဘာလုပ်တာလဲ..."

"ဘာလုပ်ရမှာလဲ မှန်ထဲကြည့်မလို့လေ..."

"ဘာကိုကြည့်မှာလဲ..."

"အမေပဲ ကိုယ့်ပုံစံ ကိုယ်ပြန်ကြည့်ဆို ဒီအတိုင်းကြည့်လို့မှ မရတာ မှန်ထဲသွားကြည့်မှ ရမှာပေါ့.."

ဒေါ်နု၏ စကားကြောင့် ဒေါ်ချိုမာဇင် ဒေါသသွေးတို့ ဆောင့်တက်လာရကာ...

"ဒေါ်နု...နင်ငါ့ကို ရွဲ့နေတာလား.."

"မရွဲ့ပါဘူး တည်တည့်ရပ်ပြောနေတာလေ အမေက စောင်းတဲ့မျက်စိနဲ့ကြည့်ရင်တော့ အမေစောင်းစောင်းပဲ မြင်ရမှာပေါ့..."

မချိုမချဉ် မျက်နှာပေးဖြင့် ထီမထင်ပြောနေဟန်က ဆွဲလွဲရိုက်ပစ်ချင်စရာ။အသက်ကြီးလာလေ ဒေါ်နတို့က ပြောဆိုဆုံးမရ ခက်လာလေဖြစ်သည်။လူကြီးက ဒါဆို သူကဟိုဟာ ဘက်တိုက်မယ်လို့များ သံမိဋ္ဌာန်ချထားခဲ့သည့်အတိုင်း။ဘယ်သူ့စကားကိုမှ နားထဲမထည့်။

ဘယ်လိုမှ ကိုင်တွယ် ချွန်းအုပ်၍ မရတော့။စီးပွားရေးနောက် တကောက်ကောက် လိုက်နေမိတဲ့ ကိုယ့်အပြစ်တွေကြောင့် ပြစ်ထားသလို ဖြစ်နေမိတဲ့ ကိုယ့်သားက ဒီလိုပျက်စီး ဆိုးသွမ်းနေရသလားလို့ အတွေးဝင်မိတော့ ကိုယ့်ဖာသာ အပြစ်တင်မိတဲ့ စိတ်ကလေး ဝင်ရလာရသည်။သို့ပေမဲ့ အမြဲတစေ ငြိမ်သက်အေးဆေးနေတက်တဲ့ ရှင်းခန့်မောင်၏ မျက်နှာက အာရုံထဲပေါ်လာတော့လည်း အပြစ်လို့ ခံစားနေရတဲ့ စိတ်က အရောင်ဖျော့သွားရပြန်သည်။

!ဒင်းကိုက ဗီဇညဉ်က မိုက်ရိုင်းဆိုးသွမ်းချင်နေတာ!

ဒေါ်ချိုမာဇင် တွေးနေရင်း ဒေါ်သတွေကို ပြန်မျိုချပစ်ကာ....

"ဒီည မနီလာတို့ မိသားစုတွေ ညစာလာစားကြမှာ အဲ့ဒါ ဘယ်မှ သွားဖို့ မစဉ်းစားနဲ့"

ဒေါ်ချိုမာဇင်၏ စကားကြောင့် ဒေါ်န မျက်နှာကြီး ရှုံ့မဲ့သွားကာ...

"သူတို့ဖာသာ ထမင်းလာစားတာ ကျွန်တော်က ဘာလုပ်ရမှာလဲ ထိုင်စောင့်ပြီး ခွံ့ကျွေးရမှာလား ကျစ်.."

ပြောရင်းဖြင့် စိတ်မရှည်စွာ ကျစ်ကနဲ စုတ်သပ်ပစ်တော့....

"နင်ငါ့ကို ကန့်လန့်လာမတိုက်နဲ့ ကိုိုနိုင်း ပြန်ရောက်နေပြီမို့ မိသားစုတွေ စုံကြမှာ.."

"အမေကဗျာ ကျွန်တော် ချိန်းထားပြီးသားကြီးကို.."

"ချိန်းချိန်း မချိန်းချိန်း ဒီညတော့ ဘယ်အရပ်ကိုမှ လှမ်းဖို့မတွေးနဲ့.."

ပြောရင်းဖြင့် ရှုံ့မဲ့နေသော မျက်နှာရှေ့ လက်ညှိုးတစ်ချောင်းထောင်ကာ...

"တစ်ညမထွက်ပဲ နေမလား တစ်လမထွက်ပဲ နေချင်သလား စဉ်းစားနော် ငါအပိုမပြောဘူး.."

ဒေါ်ချိုမာဇင် ယတိပြတ် အမိန့်ချကာ လှည့်ထွက်တော့ ဒေါန စိတ်ညစ်ညူးစွာ ဆံပင်တွေကိုပါ ဆွဲဖွမိသည်။သူဘယ်လောက်ပဲ ဒါဆိုဒါ ဘက်တိုက်နေပါစေ မွေးသမိခင် ဘက်ပြန်တိုက်လာလျှင်တော့ သူငြိမ်ပေးရ စမြဲပါပဲ။အိမ်ကကောင်ရဲ့ ယောကျ်ားတန်မဲ့ ပတ်ချွဲနပ်ချွဲဒဏ်တွေကိုတောင် မခံစားနိုင်ပါဘူးဆိုနေမှ ဟိုတစ်ယောက်ရဲ့ စောက်ကျိုးနည်း လိမ္မာ ယဉ်ကျေး သူတော်ကောင်းလေး ဆိုတဲ့ ပြဇာတ်တွေကိုပါ VIPတန်းကနေ အထူးဧည့်သည်တော်အဖြစ် ရှုစားရဦးမည့်သဘောမှာ ရှိနေပေပြီ။

!စောက်ဝဋ်ကြွေးပဲဟေ့....!

.

.

.

လင်းလာလိုက် ပြန်မှိတ်သွားလိုက် ဖြစ်နေသော ဖုန်းမျက်နှာပြင်ကို ကြည့်၍ ဒေါန ဟွန့်ကနဲ ခပ်လွန့်လွန့်ရယ်သည်။ဖုန်းတောက်လျှောက် ခေါ် နေတဲ့ မွေးသမိခင်ရဲ့ ဒေါသရေချိန် မြင့်မားနေမည့် ပုံစံကို စိတ်ထဲ ပုံဖော် ကြည့်နေရင်း မျက်နှာမှာ ကျေနပ်သော အပြုံးရိပ်တို့ဖြစ်ထွန်းသည်။

!အိမ်အပြင် မထွက်ဘူးဆိုတာနဲ့ပဲ အဲ့ဒီအတုအယောင် ရွှေရည်စိမ် အပြုံး တွေနဲ့ ဟိုအဒေါ်ကြီး ကြွားလုံးထုတ်မဲ့ စစ်နိုင်းဆိုတဲ့ကောင်ရဲ့ ကောင်း သတင်းအဖြာဖြာကို သူကအောင့်သီးအောင့်သက် နားထောင်ပေးမယ်တဲ့

လား..မျှော်လင့်ရဲလွန်းလိုက်တာ ဟက်!

စိတ်ထဲ ကျေနပ်စွာတွေးရင်း ဆေးလိပ်ကို ခပ်ပြင်းပြင်း ရှိုက်သွင်းကာ အခိုးအငွေ့တွေကို ဝန်းကျင်တစ်ခုလုံး လွင့်ပျံ့နေအောင် ပြန်မှုတ်ထုတပစ်တော့ စောစောက ပန်းရနံ့သင်းနေသော ပန်းခြံလေးထဲ ချက်ချင်း ဆေးလိပ်နံ့တွေ မွှန်ထူသွားရတော့သည်။ဒေါနအတွက်ကတော့ ပန်းရနံ့တွေ အမွှေးရနံ့တွေထက် ဆေးလိပ်ရနံ့ ခပ်ပြင်းပြင်းကသာ နှစ်လိုဖွယ် အကောင်းဆုံးဖြစ်ခဲ့တာ ကြာခဲ့လေပြီ။

~~~~~

ရေချိုးနေတာ ကြာသွား၍ ဟိုဖက်အိမ်ကို မေမေတို့က သွားနှင့်ပြီမလို့ စစ်နိုင်း အချိန်ထပ်မဆွဲရဲဘဲ ခပ်သွက်သွက်လေး အနောက်မှ လိုက်ခဲ့ရတော့သည်။ပုံမှန်ဆို အိမ်ရှေ့တံခါးဝမှ ဝင်ရမှာ ဖြစ်ပေမဲ့ စစ်နိုင်းကတော့ ငယ်ငယ်တုန်းက နှစ်အိမ်ကို အကူးအသန်း လုပ်နေကြအတိုင်း ဘေးတံခါးပေါက်မှသာ ဖြတ်ကူးခဲ့လိုက်သည်။ထိုဘေးတံခါးလေးမှ ထွက်တာနှင့် ရှင်းခန့်တို့ခြံ၏ ပန်းရုံလေးထဲသို့ တန်းရောက်လေသည်။

ပန်းရုံထဲ ခြေချချင်း မွှန်ထူနေသော ဆေးလိပ်နံ့ ပြင်းပြင်းများကြောင့် စစ်နိုင်း အသက်ရှူရမွှန်ထူပြီး သီးမတက် ဖြစ်သွားရသည်။ပန်းခြံထဲမှာ အနံ့တွေစွဲကုန်အောင် ဆေးလိပ် လာသောက်နေရတယ်လို့ ဘယ်သူများလဲ။ အတွေးနှင့်အတူ အနက်ရောင်ကျောပြင်ကို စစ်နိုင်း မျက်မှောင်ကြုတ်၍ ကြည့်ရင်း ခြေလှမ်းကို အသာအယာတိုးကပ်မိတော့ နားပါးဟန်ရှိသော ထိုလူက ဆတ်ကနဲ လှည့်ကြည့်လာသည်။

"ဒေါန..."

စစ်နိုင်း နှုတ်မှ တိုးဖွဖွ ရေရွတ်မိတာက ဒေါနကို မှတ်မိ၍တော့ မဟုတ်ပါ။ဟိုတုန်းက သူ့အာရုံထဲက ဒေါနဆိုတာ နှာခေါင်းထိပ်ဖျားတွေ ရဲ
~~~~~

နေတက်တဲ့ မျက်ခုံးမရှိတဲ့ ကောင်ငယ်လေးသာ။အခုတော့ ဒေါနရဲ့ ရုပ်ရည်က ဖြနှစ်တာကာလအတွင်း အများကြီး ပြောင်းလဲသွားခဲ့ပြီ။ကော်ဖီညို ရောင် မျက်ခုံးတန်းတွေက အရောင်ပိုရင့်လာသလို ကော့ထင်းနေသော နှာတံစင်းစင်းလေးက အရင်လိုထိပ်ဖျားမှာ ရဲတွက်မနေတော့။နဂို ကော်ဖီ ညိုရောင် လှိုင်းတွန့်ဆံနွယ်တွေက ဂုတ်ထောက်နေပေမဲ့ ငယ်ငယ်ကလို ပွ ယောင်းနေခြင်းမျိုး မဟုတ်တော့ပဲ သေချာပုံသွင်းထားတာ သိသာသည်။ မေးရိုးတွေ ခိုင်ကျည်လာသလို ထောင့်ချိုးညီသော နှုတ်ခမ်းပါးတွေဟာ ရဲစို လို့။မပြောင်းမလဲ ကျန်ခဲ့တာဆိုလို့ ရှည်သွယ်သော မျက်အိမ်ထဲက ဒေါန စိမ်းရောင် မျက်ဆံတွေသာ။

ယောက်ျားတစ်ယောက်ကို လှတယ်လို့ ပြောသင့်သလား မပြောသင့် သလား မသိပေမဲ့ ဒေါနက တကယ်ကို လှပါသည်။အန်တီချိုမာ ပြောဖူးတာ တော့ ဒေါနကိုယ်ဝန်မရခင်က အိမ်မက်ထဲမှာ မျက်လုံးအစိမ်းရောင်နဲ့ ဥရောပတိုက်သားတစ်ဦးက နေခွင့် လာတောင်းပြီးမှ ဒေါနကို ကိုယ်ဝန်ဆောင်ခဲ့တာတဲ့။မွေးလာတော့လည်း အသားအရည်ကအစ အာရှ တိုက်သားများနှင့် ဆန့်ကျင်စွာ ဖြူဥနုနေလျှက် မျက်ဝန်းစိမ်းလေးများနှင့်မ လို့ ဒေါနလို့ ကင်ပွန်းတပ်ဖြစ်ခဲ့သည်တဲ့လေ။

!မသိတဲ့သူများသာဆို ပန်းရုံထဲမှာ နိုင်ငံခြားသားတစ်ယောက် ဆေးလိပ် ထိုင်သောက်နေတယ်လို့ ထင်မှာဖြစ်သည်!

!တကယ်ပဲ ဒေါနက ကလေးဘဝတုန်းကထက် ယခုလို အတောင်အလက် စုံလာလေ ရုပ်ရည်သွင်ပြင်က အနောက်နိုင်ငံသားရုပ် ပေါက်လာလေ ဖြစ်သည်!

နှစ်ယောက်သား အကြည့်ချင်းဆုံနေကြရင်း ဘယ်သူကမှလည်း စတင်မ နှုတ်ဆက်မိကြပေ။ဒီအတိုင်းသာ ငေးကြည့်နေမိကြလေသည်။

***

~~~2~~~

စက္ကန့်များစွာလောက် အကြည့်ချင်း ခလုတ်တိုက်မိကြပြီးမှ ဒေါနက ပြုံးသလို မဲ့သလို မျက်နှာထားမျိုးဖြင့် ဆေးလိပ် မီးခိုးငွေ့များအား မှုတ်ထုတ်ပစ်တော့ စစ်နိုင်း မျက်နှာ အနည်းငယ်မဲ့သွားရသည်။ဆရာဝန် တစ်ယောက်၏ အရှေ့မှာ ဆေးလိပ်ကို စိမ်ပြေနပြေ ထိုင်သောက်နေတာကို မြင်ရတာ အဆင်မပြေလိုက်တာ။

!ဒီကောင်လေးဟာ လူပုံစံက ပြောင်းလဲသွားပေမဲ့ မြင်လိုက်ရတိုင်း မနှစ်မြို့စွာ ခံစားရစေတဲ့ စိတ်ကိုတော့ မပြောင်းလဲစေနိုင်သေး!

ငယ်စဉ်ကတည်းက ခပ်တန်းတန်း နေခဲ့ကြသူတွေမို့ ရုတ်တရက် မျက်နှာချင်းဆိုင် ဘွားကနဲကြီး တွေ့လိုက်ရတော့ စစ်နိုင်း နှုတ်ဆက်ရကောင်းမလား မနှုတ်ဆက်ပဲ ဒီအတိုင်း ထွက်သွားရမလားဖြင့် အတွေးတွေ အနည်းငယ် ယောက်ယက်ခတ် သွားရသည်။ဒေါနက မျက်ဝန်းတွေကို ခပ်စင်းစင်းမှေး၍ စောင်းငဲ့ကြည့်ပြီးတော့မှ ထိမထင်မျက်နှာထားဖြင့် တစ်ဖက်သို့ ပြန်လှည့်သွားသည်။ပြီးမှ ခုံတန်းလေးပေါ် ကျောမှီချရင်း လက်ထဲမှ စီးကရက်တိုကို ထိုးချေ တောက်ထုတ်သည်။ပြီးတော့ အသင့်ရှိနေသော ဆေးလိပ်ဘူးထဲမှ နောက်တစ်လိပ်ကို ထပ်ထုတ်ကာ နှုတ်ခမ်းဖြင့် ဖိရင်း ဟန်ပါပါ မီးညှိနေတာ ပတ်ဝန်းကျင်တစ်ခုလုံး သူတစ်ယောက်ထဲ ရှိနေသည့်အတိုင်း။

စီးကရက် ဖြူဖြူကို ဖိကိုက်ထားတဲ့ ယောကျ်ားတန်မဲ့ နီရဲစိုနေသော နှုတ်ခမ်းလွှာတွေကို ကြည့်ရင်း စစ်နိုင်း အလိုမကျသောစိတ်က ထပ်မံ
~~~

ဖြစ်ထွန်းလာပြန်သည်။သူ့ဖက်က လစ်လျူရှုတော့ ကိုယ့်ဖက်က စ နှုတ်ဆက်ဖို့က ခက်ခဲနေသည်။ငယ်စဉ်တုန်းက မျက်နှာကျော မတည့်ကြဘူး ဆိုပေမဲ့လည်း အခုက ကလေးတွေမှ မဟုတ်တော့တာပဲ။ပြီးတော့ ရန်သူတွေလည်း မဟုတ်။အတွေးနှင့်အတူ စစ်နိုင်း နှုတ်ဆက်ဖြစ်ဖို့ ပါးစပ်ပြင်မိစဉ်မှာပဲ....

"ကိုကိုက ဒီက်ိုရောက်နေတာလား..."

အသံနှင့်အတူ ရေမွှေးရနံ့ဖျော့ဖျော့လေးက နှာခေါင်းဝသို့ ဝေ့ဝဲလာကာ အဖြူရောင် အရိပ်ကလေးက နံဘေးသို့ရောက်လာ လေတော့သည်။

"ရှင်းခန့်...."

ရှင်းခန့်က နံဘေးမှာ ကပ်ရပ်ရင်း ဒေါနနှင့် စစ်နိုင်းဆီသို့ အကြည့်တို့ ကူးလူး ဖြတ်သန်းသွားပြီးတော့မှ စစ်န်ိုင်းဖက်သို့ ပြန်လှည့်လိုက်ကာ...

"အန်တီနီလာက ကိုကို ကြာနေလို့တဲ့ ကျွန်တော့်ကို လိုက်ခိုင်းလိုက်တာ ကိုကိုက ဒီကိုရောက်နေတာကိုး.."

ရှင်းခန့်ပြောတော့ စစ်နိုင်းက ခေါင်းညိတ်ပြီးတော့မှ....

"ဟုတ်တယ် ကိုယ်ရေချိုးနေတာ နည်းနည်း ကြာသွားတယ်.."

"အော် လာလေ အထဲဝင်ကြရအောင် အားလုံး ကိုကို့ကို စောင့်နေကြတာ.."

ရှင်းခန့်ပြောတော့ စစ်နိုင်းက ခေါင်းငြိမ့်ပြလိုက်ပေမဲ့လို့ ခြေလှမ်းတို့က ရွေ့မလာပဲ အကြည့်တွေက ဒေါနဆီမှာသာ ဝေ့ဝဲနေတော့ ရှင်းခန့်က သက်ပြင်းကို အသာရှိုက်ကာ....

"ဒေါန မေချို မင်းကိုရှာနေတယ်..."

နာမည်တပ်ခေါ်မှပဲ ဒေါနက စီးကရက်ခဲရင်း လှည့်ကြည့်ဖော်ရသည်။

"သိတယ်..."

အသံပြတ်ဖြင့် အေးစက်စက်ပြောပြီး ထိုင်နေရာက ထဖို့တော့စိတ်ကူးရှိပုံမရပေ။

"အဲ့ဒါဆို ဝင်ခဲ့တော့လေ အားလုံး စုံနေပြီ.."

"မလာတော့ဘူး လူများတာ မကြိုက်ဘူး.."

"တခြားသူစိမ်း မရှိပါဘူး အန်တီနီလာတို့ပဲကို ပြီးတော့ အားလုံးထမင်းလက်ဆုံ စားကြမှာ မင်းပါ ပါရမှာပေ့ါ."

ဒေါနဈ၏ လေသံက အေးစက်ပြတ်တောက်နေသလောက် ရှင်းခန်ကတော့ ပုံမှန်လေသံလေးဖြင့်သာ စိတ်ရှည်ရှည်ဖြင့်ဖြောင်းဖျနေသည်။

"ငါမပါတော့ ဘာဖြစ်လဲ အဲ့ဒီစားပွဲမှာ ငါလာထိုင်လိုက်တာနဲ့ နတ်ပြည်က နတ်သုဒ္ဓါတွေ ကျလာမှာလား စောက်ရေးမပါတာတွေ ငါ့တစ်လက် မဆုံတာနဲ့ မင်းတို့ စားသောက်ပွဲကြီးက အရသာမမဲ့သွားဘူး ပိုတောင်အရသာရှိသွားအုံးမှာ.."

"မဟုတ်ဘူးလေ ကိုကို ပြန်လာတုန်း...."

"မခေါ်နဲ့တော့ သွားမယ်..."

ဒေါနဈ၏ လေသံက မာထန်နေသလောက် ရှင်းခန့်ကတော့ လေသံအေးအေးဖြင့် စိတ်ရှည်စွာ ဖြောင်းဖျချင်နေဆဲမို့ စစ်နိုင်း လက်မောင်းအားဆွဲကာ စကားကို ဖြတ်ပစ်ရခြင်းသို့ ရောက်သည်။

!မလာချင်ရင် မလာနဲ့ပေ့ါ ဘယ်သူက ဒီလို ရိုင်းစိုင်းတဲ့ကောင်နဲ့ မျက်နှာချင်းဆိုင်ချင်နေလို့လဲ။အချိုးကတော့ ငယ်ငယ်တုန်းကအတိုင်းပဲ မျက်ခွက်ကို ဖြတ်ရိုက်ချင်စရာ!

စစ်နိုင်း ဆွဲချခဲ့တဲ့အတိုင်း လိုက်ပါလာရင်း ရှင်းခန့်က နောက်သို့ လှည့်ကြ

ည့် လှည့်ကြည့် လုပ်နေဆဲဖြစ်သည်။...

"မကြည့်နဲ့တော့ အရှယ်ပဲ ဒီလောက်ရှိနေပြီ အခုထိ ငယ်ငယ်ကလိုပဲ ပြောဆို အနိုင်ကျင့်ခံနေတုန်းလား.."

စစ်နိုင်း အားမလိုအားမရ ပြောမိသည်။

"အဲ့ဒီလို မဟုတ်ပါဘူး ကိုကိုရယ် ဒေါနကို ကျွန်တော်နားလည်ပါတယ် ငယ်ငယ်ထဲက မေချို့ကို ကျွန်တော်နဲ့ ခွဲဝေလိုက်ရတော့ သူစိတ်မကောင်း ဖြစ်နေတာမျိုးပါ ပြီးတော့ ကျွန်တော်တို့ အိမ်မှာ လာနေရတာ မဟုတ်လား အဲ့ဒီအတွက် သူ့ကိုနှိမ်မလားလို့ သိမ်ငယ်ရင်း ဒီလိုပုံစံဖြစ်လာတာမျိုးပါ.."

ရှင်းခန့်၏ စကားကြောင့် စစ်နိုင်း ဟွန့်ကနဲ မဲ့မိသည့်အထိ။

!ဒီမျက်ခွက်က ဘယ်နားကများ သိမ်ငယ်တဲ့ပုံစံ ပေါက်နေလို့လဲ အချိန်ပြည့် မိုက်ရိုင်းစော်ကားနေတာကိုများ!

"ရှင်းခန့် မင်းကိုလေ မျက်မှန်ဝယ်ပေးရတော့မလား.."

"ဟင်..."

စစ်နိုင်းပြောတော့ ရှင်းခန့်က နားမလည်သလို မျက်လုံးလေးပြူးကာ ဟင်ကနဲ ပြန်ကြည့်လာတာကြောင့် ထိုဖြူဖြူစင်စင် မျက်ဝန်းလေးတွေကို စစ်နိုင်း အသဲယားသွားကာ နဖူးအား လက်ဖြင့် တောက်မိသည့်အထိ။

"မင်းဟာလေ အန်တီဝေ့ အတိုင်းပဲ အရာအားလုံးကို အကောင်းမြင်တက်လွန်းတယ် လူတိုင်းအပေါ်ကို အဲ့ဒီလောက် စိတ်သဘောမကောင်းနဲ့ကွ သိရဲ့လား.."

စစ်နိုင်း မချိတင်ကဲ အားမလိုအားမရ ပြောမိတော့....

"အဲ့ဒီလောက်လည်း မကောင်းပါဘူး ကိုကိုရယ်.."

"အော် ဒါက မကောင်းသေးဘူးလား မကောင်းလို့သာပဲ အဲ့ဒီကောင် အဲ့ဒီ

လောက် လူပါးဝပြီး မိုက်ရိုင်းနေတာ ကောင်းများကောင်းရင်တော့ မင်း အိမ်ပေါ်ကပါ နှင်ချခံထိမလားပဲ..."

စစ်နိုင်းပြောတော့ ရှင်းခန့်က ပန်းရောင်ဖျော့ဖျော့ နှုတ်ခမ်းပါးလေးအား ခပ်ဖိဖိကိုက်ပြီးမှ....

"ဘာပဲဖြစ်ဖြစ် သူက ကျွန်တော့် ညီလေးပဲလေ..."

ရှင်းခန့်၏ စကားကြောင့် စစ်နိုင်း ခေါင်းကိုသာ ခါယမ်းမိတော့သည်။ဒီကောင်လေးဟာလေ ဟိုတုန်းထဲက အတိုင်း စိတ်သဘောလေးက ယခုအချိန်ထိ ဖြူစင်ရှင်းသန့်နေဆဲ။ဒေါန စစရောက်တဲ့ အချိန်ထဲက ညီလေးဆိုတာ ပါးစပ်ဖျားက မချပဲ ကောင်းမွန်စွာ နွေးထွေးပေးခဲ့ပေမဲ့ ထိုအရိုင်းအစိုင်းလေးကတော့ အမြဲတမ်း ရန်လိုစူးရှသော မျက်ဝန်းများဖြင့်သာ။ငယ်ငယ်တုန်းကတော့ ကလေးတွေမို့လို့ မတည်မမျှကြတာလားလို့ တွေးဖူးပေမဲ့ ယခုအချိန်အထိ ဒေါနဆိုတာ ရန်လိုရိုင်းစိုင်းနေဆဲ။

!တွေးနေရင်း အတိတ်၏ အရိပ်များက စိတ်မှာ ထင်ဟပ်လာရတော့သည်!

"အီး...ဟီး....ဟီး...နာတယ်...အီး...ဟီး...ဟီး..."

"အမလေး..သွေးတွေ ကြည့်စမ်း ဒေါန နင်ဘာလို့ အဲ့ဒီလောက် မိုက်ရိုင်းနေရတာလဲ ခေါင်းပေါက်အောင် ဘာနဲ့ထုလိုက်တာလဲ နင် ဘယ်လိုမှ ဆိုဆုံးမလို့ မရတော့ဘူးလား"

"ကဲဟယ် ကဲဟယ် ရွှမ်း! ရွှမ်း!"

"နောက် လုပ်အုံးမလား ငါမေးနေတယ်လေ လုပ်အုံးမလားလို့ ဒါမျိုး..."

အသက် ၁၀နှစ်အရွယ် ကလေးလေးဟာ ဘယ်လိုရိုက်ပုတ်မှုမျိုးကိုမဆို အံကြိတ် တင်းခံကာ နောက်ထပ် ရှင်းခန့်ကို ကိုယ်ထိလက်ရောက် မလုပ်

တော့ပါဘူး ဆိုတဲ့ ကတိကိုတော့ မပေးခဲ့။နှစ်ယောက်အတူ ဆော့ကစားကြ တိုင်း ရှင်းခန့်မောင်၏ ခန္ဓာကိုယ် ပိန်ပိန်လေး ပေါ်မှာ ဒေါနပေးတဲ့ ဒဏ်ရာဒဏ်ချက်ဆိုတာ တစ်ခုမဟုတ် တစ်ခုကတော့ ရှိနေတက်မြဲ။

ထိုနေ့က မှတ်မှတ်ရရ စစ်နိုင်းရဲ့မွေးနေ့....

နှစ်ယောက်စလုံး မွေးနေ့ပွဲ သွားကြဖို့ ပြင်ဆင်ပေးပြီး အောက်ထပ်သို့ နှစ်ယောက်အတူ ဆင်းစေလိုက်တာ ဘယ်သူထင်မှာလဲ ဒေါနဆိုတဲ့ ကောင်ငယ်လေးဟာ ရှင်းခန့်ကို လှေကားပေါ်မှ တွန်းချပစ်မယ်လို့။ကလေးကို နတ်စောင့်သည် ဆိုတဲ့စကားက အမှန်ပဲဖြစ်လိမ့်မည်လို့။မွေးနေ့ရှင် စစ်နိုင်းကိုယ်တိုင် ဒေါနနှင့်ရှင်းခန့်ကိုသာ လာမခေါ်ခဲ့ဘူး ဆိုလျှင် လှေကားရင်းမှာ ခေါင်းကွဲ၍ သွေးအလိမ်းလိမ်းဖြင့်ရှိနေသော ရှင်းခန့်၏ အသက်ကို ကယ်တင်ပေးနိုင်တော့မည် မဟုတ်။ထိုနေ့က လှေကားထိပ်မှာ လက်သီးတင်းတင်း ဆုပ်လျှက် အံ့ကြိတ်၍ မျက်တောင်မခတ်စတမ်း ကြည့်နေသော ဒေါန၏ မျက်ဝန်းစိမ်းစိမ်းများကို သူဘယ်တော့မှ မေ့မည်မဟုတ်။

!အသက်၁၀နှစ်ကျော်ရုံ ကလေးငယ်လေးဟာ ဘာလို့များ ဒီလောက်ထိ အမုန်းတရားတွေ ပြင်းထန်ပြီး လူ့အသက်ကို သတ်ပစ်ဖို့အထိ ကြံစည်ရဲရတာလည်းလို့ ထိတ်လန့်စွာ တွေးမိတော့သည်။ထိုနေ့မှစ၍ ရှင်းခန့်အပေါ် ဂရုဏာပိုခဲ့ရသလို ထိုကလေးကိုတော့ စိတ်ထဲမှာ မနှစ်မြို့ခြင်းများစွာဖြင့် ခပ်တန်းတန်းသာ ဆက်ဆံဖြစ်ခဲ့လေသည်!

"ကိုကို ထည့်စားလေ ဘာတွေ စဉ်းစားနေတာလဲ..."

"ဟင်..."

ရှင်းခန့် လက်တို့ သတိပေးတော့မှ ထမင်းစားခုံမှာ ထိုင်နေမိသည့် အဖြစ်ကို စစ်နိုင်း သတိဝင်လေတော့သည်။ရှင်းခန့်က စစ်နိုင်းအကြိုက် ဟင်းတွေကို တစ်မယ်ဆီ ရေရွှတ်ပြရင်း ပန်းကန်ထဲသို့ ပုံထည့်ပေးနေလေသည်။

"ဒေါနရော...."

ဦးနေစစ်က ထမေးတော့ ထမင်းစားခန်းလေးထဲ စက္ကန့်ဝက်လောက် တိတ်ကျသွားသလို ဟင်းထည့်ပေးနေသော ရှင်းခန့်၏ လက်တို့လည်း တန့် သွားရတော့သည်။စစ်နိုင်းလည်း ကိုယ့်အဖေ၏ စကားကို ဘဝင်မကျ ဖြစ် သွားရသည်။ဘာကြောင့်မှန်းတော့ မသိပါဘဲ သူ့အဖေက ဖာသိဖာသာ နေတက်ကာ စကားနည်းလွန်းတဲ့သူ ဆိုပေမဲ့ ဒီနေ့ သူ အိမ်ပြန်ရောက် ရောက်ချင်း နေ့မှာတင် သူ့အဖေရဲ့ ပါးစပ်ထဲကနေ ဒေါနဆိုတာ ၂ခွန်း လောက် ထွက်ကျပြီးနေပြီ ဖြစ်သည်။နိုင်ငံခြားမှာ ၆နှစ်လောက်နေပြီး ဒီနေ့ မှ အိမ်ပြန်ရောက်လာတဲ့ သားတော်မောင်ကိုကျ အဆင်ပြေလား တစ်ခွန်း မေးဖော်မရဘဲ ပြုံးရယ်ကြည့်ရုံသာ။

"ဒီအချိန်ဆို သူက သူ့အခန်းက မထွက်တော့ဘူး ကိုနေစစ်ရေ့"

ဒေါ်ချိုမာဇင်က ပြောတော့ ဦးနေစစ်က ခပ်နွေးနွေးပြုံးကာ....

"ဟိုတလောက ကျောက်သွေးတာ သင်ချင်တယ် ပြောလို့လေ.."

ဦးနေစစ်၏ စကားကြောင့် အားလုံး အံ့ဩသွားရသလို ဒေါ်နီလာတင့် လည်း အလိုမကျစွာ မျက်မှောင်တို့ တွန့်ချိုးသွားရတော့သည်။ဦးနေစစ်တို့ က မိုးကုတ် အဆက်အနွယ်တွေ ဖြစ်ကာ မိဘတွေ ဘိုးစဉ်ဘောင်ဆက် ပုံချ ပေးခဲ့တဲ့ ကျောက်တွင်းတွေရယ် အမွေအနှစ်တွေရယ် ဆိုတာ တပုံတပင်။ အကြောင်းပါတော့ ရန်ကုန်သူ ပညာတက် ဆရာဝန်မျိုးရိုး ဇနီး။သားတစ် ယောက် သမီးတစ်ယောက် ထွန်းကားပြီး နှစ်ယောက်စလုံးကလည်း မိခင် ဖက်သာ လိုက်ကာ ပါရဂူ ဘွဲ့တွေတစ်ဘွဲ့ပြီး တစ်ဘွဲ့ယူ ပုဂ္ဂလိက ဆေးရုံကြီး ကိုပါ နီလာတင့်တိုက ထူထောင်ပစ်သည်။ယောက္ခမ ယောင်းမ ဘယ် မျက်နှာမှ မကြည့်ဘဲ ကိုယ့်ပညာနှင့်ကိုယ် မာနထူနေတဲ့ မိန်းမမျိုး။ထို့ကြော င့် အိမ်မှာဆို ဦးနေစစ်တို့ရဲ့ ဘိုးဘွားအမွေအနှစ် လုပ်ငန်းတွေဆိုတာ ဦးနေ

စစ်ကလွဲလို့ ဘယ်သူကမှ စိတ်မဝင်စား။

"မဟုတ်တာတွေ ကိုနေစစ်ရယ် အိမ်ကအလုပ်တောင် ဒီကောင်လေးက လက်ကြောတင်းတာမဟုတ်ဘူး..."

ဒေါ်ချိုမာဇင်က ခင်ပွန်းဖြစ်သူ ဦးမင်းမောင်အား တချက်စေ့ကြည့်ပြီးမှ ပြောသည်။

"လူငယ်ဆိုတာကတော့ ဒီလိုပါပဲ မချိုရယ် သူတို့ဝါသနာမပါရင် ဓားမိုးပြီး ခိုင်းမရသလို ဝါသနာထုံတာကျတော့လည်း ရေကုန်ရေခမ်း အာရုံစိုက်ပြီး ထမင်းမေ့ ဟင်းမေ့မဟုတ်လား..."

"ဟုတ်တော့ ဟုတ်ပါတယ် ကျွန်မက အံ့ဩနေတာ ဘယ်လိုများ ဒီကျောက်တွေကို စိတ်ဝင်စားသွားသလဲလို့ အဟင်း..."

"ဒီလိုပေ့ါဗျာ ကျွန်တော်ကတော့ စိတ်ဝင်စားတာလေးကို ဝမ်းသာနေတာပဲ့ ကျွန်တော့်အလုပ်တွေကို အိမ်ကလူတွေက ဘယ်သူမှ စိတ်မဝင်စားကြဘူးလေ သားဒေါနသာ တကယ် ဝါသနာပါတယ်ဆို ပညာကုန်ပေးမှာဗျာ..."

"အဲ့ဒါဆို ကျွန်တော့်ကိုလည်း သင်ပေးလေ လေးလေး ကျွန်တော်လည်း စိတ်ဝင်စားပါတယ်..."

ရှင်းခန့်က ခပ်ပြုံးပြုံးလေး ဝင်ပြောလေတော့ ဦးနေစစ်က အံ့ဩသွားသလိုဖြင့်...

"သားက (xxxx)ကဆိုင်ခွဲကို ဦးစီးနေပြီမဟုတ်လား အချိန်မရရင် လူကခြူချာတာနဲ့ သားပင်ပန်းမှာပေ့ါ နောက်တော့ ဖြည်းဖြည်းသင်ပေ့ါကွာ ဟုတ်ပြီလား.."

ဦးနေစစ်၏ စကားကြောင့် ရှင်းခန့် မအီမလည်လေးသာ ပြုံးကာ ခေါင်းငြိမ့်ပြလိုက်ရတော့သည်။ရှင်းခန့်တို့က ပလာဇာမှာ ရွှေဆိုင်ဖွင့်ထားတာ ဖြစ်

ပြီး ထိုဆိုင်ကိုတော့ ဖေဖေနှင့် မေချိုက ထိုင်သည်။(xxxx)က ဆိုင်ကတော့ မကြာသေးခင်ကမှ ဆိုင်ခွဲ တိုးချဲ့လိုက်တာ ဖြစ်ပြီး ရှင်းခန့် ကိုယ်တိုင် ဦးစီးနေတာ ဖြစ်လေသည်။တကယ်လည်း အလုပ်များနေတာ အမှန်။

ထမင်းစားသောက် အချိုပွဲတည်ခင်းပြီး တော်တော်ကြာကြာ စကားစမြည် ပြောဆိုကြပြီးတော့မှ ဒီဖက် အိမ်ပြန်ကူးခဲ့ကြတော့သည်။မရည်ရွယ်ပါပဲ စစ်နိုင်း၏ ခြေလှမ်းတို့ ခြံဝသို့ မရောက်ပဲ ပန်းရုံလေးဆီမှ ဖြတ်ထွက်ဖို့ စိတ်ကူးရသည်။စိတ်နောက် ကိုယ်ပါဆိုသလို စိတ်က တွေးနေတုန်း လူက ပန်းရုံလေးထဲ ရောက်သွားပြီဖြစ်သည်။ဘာရယ်မဟုတ် လစ်ဟာနေသော ခုံတန်းဖြူဖြူလေးဆီ အကြည့်ရောက်မိတော့ စိတ်ထဲတစ်ခုခု လိုနေသလိုလို။ဒီအချိန်နဲ့ ဒီအချိန်မှတော့ ဒေါနရှိမနေတော့မှာ သေချာနေတာပဲ။နေပါအုံး သူက ဘာကိုမျှော်လင့်ပြီး ဒီထဲဝင်ချလာတာလဲ။ထပ်တွေ့ချင်စရာ အကြောင်းပြချက်တောင် ရှိမနေပဲနဲ့။ကိုယ့်အဖြစ်ကိုယ် စိတ်ပျက်မိကာ ကျစ်ကနဲ အသံထွက်အောင် စုတ်သပ်မိရင်း ခုံတန်းဆီမှ အကြည့်တိုကို လွှဲဖယ်မိတော့ မျက်ဝန်းထောင့်က ပြန့်ကျဲနေသော စီးကရက် အတိုအစတွေကို မြင်ဖြစ်အောင် မြင်လိုက်သေးလေသည်။

.

.

.

"ဟျောင့် ခြောက်ကိုး လာကွာ နေ့လည်စာ အတူဆွဲရအောင်"

ဆေးရုံရှေ့ ထွက်ရပ်နေမိဆဲ အသံဝါဝါကြီးနှင့်အတူ ပခုံးကိုလာဖက်တဲ့ သူငယ်ချင်း ဒေါက်တာထင်ကျော်။ထင်ကျော်ဆိုတာက stateကျောင်းထဲကနေ MBBSရသည့်အထိ အတူတူ ပခုံးဖက်ပေါင်းခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေ။ကျောင်းပြီးလို့ သူက ပါရဂူဘွဲ့တွေအတွက် နိုင်ငံခြားထွက် ကြိုးစားနေ

ချိန် ထင်ကျော်ကတော့

အိမ်ထောင်တွေ ဘာတွေကျပြီး ဆေးလောကနယ်ပယ်မှာ လက်တွေ့ဆင်း နေပြီ ဖြစ်သည်။stateတုန်းထဲက စစ်နိုင်းရဲ့ နာမည်ကို သူငယ်ချင်း အုပ်စု တွေက မြန်မာမှုပြုပြီး ခြောက်ကိုးလို့ ခေါ်ကြတာ။ယောက်ျားလေးတွေ ဆို တာသိတဲ့အတိုင်း အောက်လုံးလေးနဲ့ ညစ်ညစ်ညမ်းညမ်း စနောက်ရမှ စားဝင်အိပ်ပျော်တဲ့အမျိုး။

!အမှန်တိုင်းဝန်ခံရရင် ဟိုမှာကျောင်းတက်တော့မှ sexကိစ္စမှာ သူဟာ အဲ့ ဒီ69ပုံစံကို သဘောအကျဆုံး အနှစ်ခြိုက်ဆုံး ဆိုတာကို သိလာရတယ်။အဲ့ဒီ တော့ နာမည်ဖျက်ခေါ်တာကို ထူးထွေပြီးလည်း စိတ်ဆိုးမနေတော့ပါဘူး။ တဆိတ် ခပ်ညစ်ညစ်လေး တွေးရရင် ဒီနာမည်က သူနဲ့ လိုက်ဖက်မှု အရှိ ဆုံးလိုပါပဲ ဟက်..!

"ငါချိန်းထားတာ ရှိတယ်ကွ..."

စစ်နိုင်း ပြောတော့ ထင်ကျော့် မျက်ခုံးတွေ မြင့်တက်သွားပြီးမှ...

"အယ်လယ် Lunchအတူ စားမဲ့သူတွေ ဘာတွေနဲ့ ဘယ်လိုလဲ လူပျိုကြီး စားရခါနီးပြီလား ဘယ်တော့စားရမှာလဲ ပြော..."

ထင်ကျော်က ပြောတော့ စစ်နိုင်း ခပ်ဟဟရယ်မောကာ....

"သနားလိုက်တာကွာ ငတ်ပြတ်နေလိုက်တာများ အခုတောင် လိုက်ကျွေး လိုက်ချင်တယ် ဟက်..."

"အေး ‌ဝေ့လည်ကြောင်ပတ် လုပ်နေလိုက် ငါတောင် သမီးတစ်ယောက်နဲ့ တစ်ဗိုက်ဖြစ်နေပြီကွ..."

ထင်ကျော်ပြောတော့ စစ်နိုင်က ထင်ကျော်၏ စူထွက်နေသော ဗိုက်အား မျက်လုံးဝေ့ကြည့်ကာ....

"ဘာဗိုက်လဲ ဘီယာဗိုက်လား..."

"ဒါးကို ဘီယာဗိုက် ငါ့ဟိုး..."

ထင်ကျော်က ခပ်တိုးတိုးဆဲရေးသည်။ငယ်သူငယ်ချင်းတွေ ဆိုတော့လည်း ဂုဏ်ဒြပ်ခြားနားမှုတွေဆိုတာ အရေးမပါလှ။ဟိုတုန်းကလို စလိုက်နောက်လိုက်ဖြင့် ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါးသာ။စိတ်တွေဟာ ခဏတခဏတော့ ငယ်မူပြန် လတ်ဆတ်သွားသည်နှယ်။

အသက်၃၀စွန်းစွန်း အရွယ်က မငယ်တော့ဘူးဆိုပေမဲ့ အိုမင်းရင့်ရော်နေတဲ့ အရွယ်လည်းမဟုတ်ပြန်။သူ့အတွက်တော့ ၃၀စွန်းစ အရွယ်ဆိုတာ အတောင်အလက် စုံလင်ပြီး အရောင်အသွေးစုံကာ ရပ်လုံးကြွပြီး ပြီးပြည့်စုံဆုံး အချိန်လို့ထင်တာပဲ။ပုံမှန်ဝင်ငွေရှိတဲ့ အလုပ်တစ်ခုနဲ့ ဘဝရဲ့လွတ်လပ်ခြင်း အဖြာဖြာကို အတွင်းကျကျ မြည်းစမ်းကြည့်နိုင်မည့် အရွယ်မဟုတ်လား။ဒီအရွယ်မှာ ဘာလုပ်လုပ် မတင့်တယ်ဘူးဆိုတာ မရှိတော့ဘူးလေ။အရက်သောက်တာဖြစ်ဖြစ် ဆေးချတာဖြစ်ဖြစ် အပျော်မယ်ဆီမှာ အချိန်ဖြုန်းတာဖြစ်ဖြစ် ဘယ်လိုအပန်းဖြေမှုမျိုးကိုမဆို ကိုယ်ပိုင်ဆုံးဖြတ်ချက် ချနိုင်နေပြီဖြစ်တဲ့ ဒီအရွယ်က အသင့်တော်ဆုံး မဟုတ်လား။

ဒါနဲ့များ ဘာကိစ္စနဲ့ အလောတကြီး အိမ်ထောင်ကြီးထဲကို ခုန်ဝင်နေရအုံးမှာလဲ။တစ်ကိုယ်ရည်ဘဝကို လွတ်လွတ်လပ်လပ် ခံစားသင့်သေးတာကို။စစ်နိုင်းကတော့ ဒီအရွယ်မှာ ဒါလုပ်ရမယ်ဆိုတဲ့ ဘဝရဲ့သတ်မှတ်ချက်တွေကို သဘောမကျပါဘူး။ပြီးတော့ သူ့လိုBisexualတစ်ယောက် အတွက် မိန်းမယူပြီး အိမ်ထောင်ပြုရမည့်ကိစ္စက ထင်သလောက် မလွယ်ကူဘူး။

စိတ်ကူးယဉ်တယ်လို့ပဲ ဆိုဆို တစ်သက်လုံး အတူနေရရင်တောင် မငြီးမငွေ့ ပျော်ရွှင်နိုင်မှာ သေချာပါတယ်ဆိုတဲ့ ခံစားချက်ကို ပေးနိုင်မည့် လူမျိုးကို တွေ့မှပဲ သူလက်ထပ်ဖြစ်တော့မည်ထင်သည်။အခုတော့ အချစ်ဆိုတဲ့

ခံစားချက်ကို ဆေးရုံရဲ့wardထဲမှာ ဖြစ်ဖြစ်

sundayညနေခင်းရဲ့ ကော်ဖီဆိုင်ထဲမှာ ဖြစ်ဖြစ် ဒါမှမဟုတ် အနောက်တိုင်းတီးလုံးသံ ငြိမ့်ငြိမ့်လေး လွင့်ပျံ့နေတဲ့ မီးမှိန်မှိန်အောက်က barထဲမှာဖြစ်ဖြစ် စိတ်အေးလက်အေး ရှာဖွေကြည့်ဖို့သာ အာသီသပိုရှိနေလေသည်။

"ဟော့ ရဲဇင် နေ့လည်စာ အတူစားရအောင်..."

ထင်ကျော်က သူ့ကိုအဖော်စပ်၍မရတော့ နံဘေးက ဖြတ်သွားတဲ့ ဂျူနီယာ အလုပ်သင်ဆရာဝန်လေးကို လှမ်းအော်ပြန်သည်။

"ဆောရီး စီနီယာ ဟိုမှာချိန်းထားလို့ သွားပြီနော်..."

ဖြူဖြူသေးသေး သွားစွယ်လေးနဲ့ ကောင်လေး ညွှန်ပြတဲ့ဆီကို စစ်နိုင်းပါ မရည်ရွယ်ပဲ လိုက်ကြည့်မိတော့ မျက်ခုံးတွေ ပင့်တက်သွားရတော့သည်။ လက်ထဲမှာ အထုပ်တွေနဲ့ ဒေါ်န....

လှိုင်းထနေတဲ့ ကော်ဖီညိုရောင် ဂုတ်ထောက် ဆံနွယ်တွေကို အားလုံး သိမ်းစုစည်းထားကာ နှုတ်ခမ်းပါး ရဲရဲပေါ်မှာ စီးကရက်ခဲလျှက်သား။ 5ပေ8လောက် ရှိမည့်အရပ်က ထိုအလုပ်သင် ဆရာဝန်လေးအပေါ် မိုးနေကာ ကိုယ်ဟန်က ပိန်သွယ်နေတာတောင်မှ ကြည့်ကောင်းနေသေးတာ ငြင်းမရ။ပြီးတော့ ဆရာဝန်လေးကို ကြည့်နေတဲ့ မျက်ဝန်းထဲမှာ မမြင်ဖူးခဲ့သော နူးညံ့ခြင်းတွေဟာ အဝေးကတောင် လှမ်းမြင်နေရသည့်အထိ လက်ဖြာနေသည်။

"ဇာတ်လမ်းအသစ်လေးထင်တယ် ဟိုတလောကပဲ သူကောင်လေးနဲ့ လမ်းခွဲထားတာကို ဘာလဲဟ ဒီတခါက နိုင်ငံခြားသားနဲ့ ဒိတ်နေတာလား.."

ထင်ကျော်က သူ့ဖာသာရေရွတ်သလိုနဲ့ ပြောနေပြန်သည်။အဲ့ဒီလိုပဲ ဒေါ်န

ကို လှမ်းမြင်တဲ့သူတိုင်း မသိတဲ့သူဆို နိုင်ငံခြားသားပဲ ထင်ကြတာ။စမိုင် အကျွာလောက်က လှမ်းကြည့်ရင်တောင် နှစ်ယောက်ရဲ့ဆက်ဆံရေးက ထူးခြားတယ်ဆိုတာ အသိသာကြီးပါ။ဘယ်လိုပြောရမလဲ မွေ့မွေ့ချင်း ခြေမြင်တယ်ဆိ်ုတဲ့ သဘောမျိုးလား။အလုပ်သင် ဆရာဝန်လေးက Gayဆိုတာ မြင်ယုံနဲ့တောင် ထင်ရှားနေပေမဲ့ ဒေါနရဲ့ ခြေကိုကျတော့ သူဘာလို့များ မမြင်ခဲ့မိတာပါလိမ့်။မကျေမလည် တွေးနေမိရင်း စိတ်ထဲမှာ ဘာကခိုးလို့ခုလုဖြစ်နေမှန်းမသိ။

"တီ တီ တီ...."

ကားဟွန်းသံကြောင့် ငေးနေမိရာမှ သတိဝင်ကာ လှည့်ကြည့်တော့ ရှင်းခန့်၏ ကားအား တွေ့လိုက်ရတာကြောင့် လက်ပြရင်း ကားဆီသို့ လှမ်းခဲ့လိုက်တော့သည်။Lover seatမှာ ဝင်ထိုင်လိုက်တော့....

"ဘယ်ဆိုင်သွားမလဲ ကိုကို..."

"ပြန်ရောက်တာ မကြာသေးတော့ ကိုယ်လည်း သိပ်မသိဘူး ညီ အဆင်ပြေတဲ့ ဆိုင်သာသွား..."

"ok..."

လူက ရှင်းခန့်ရဲ့ ကားပေါ်မှာ ပါလာခဲ့ရင်း နောက်ကြည့်မှန်မှ တဆင့် ဆေးရုံရှေ့ အရိပ်ရသော ခုံတန်းလေးပေါ်မှာ နှစ်ယောက်တစ်ကမ္ဘာတည်နေတဲ့ နှစ်ယောက်ကို ငေးနေမိတာ မှန်ထဲမှ အရိပ်ပျောက်ကွယ်သွားသည့်အထိ။

ဒေါနက Gayဆိုတာကို အခုမှ ချက်ချင်းကြီး သိလိုက်ရ၍ အံ့ဩကြီးစွာဖြစ်သွားရတဲ့ စိတ်က ငူငူငိုင်ငိုင်ကြီး ဖြစ်နေလေတော့သည်။

***

~~3~~

"နေ့လည်စာ ရောက်ပြီလား ကိုကို..."

"အခုပဲ လာပို့သွားတယ် ဒုက္ခရှာလို့ ညီရယ် နောက်ဆိုရင် တကူးတက တွေ မလုပ်ပါနဲ့..."

"တကူးတက ဘယ်ဟုတ်ပ့ါမလဲ ကိုကို့ရဲ့ မနက်က ကြီးပုက ငါးရံ့အူတွေ ဝယ်ခဲ့တော့ ကိုကိုကြိုက်တက်တာ သတိရလို့လေ.."

စစ်နိုင်း ဖုန်းပြောနေရင်းဖြင့် မှန်တံခါးအနီးသို့ ရည်ရွယ်ချက် မရှိဘဲ လျှောက်လာခဲ့လိုက်သည်။အရင်ရက်တွေကဆို ရှင်းခန့်က နေ့လည်စာချိန် အမှီ ဆိုင်ကနေ ပေါက်ချလာတက်သည်။ဒီနေ့တော့ အလုပ်နည်းနည်း များ၍ နေ့လည်စာ အတူ မစားနိုင်တော့ဟုဆိုကာ စစ်နိုင်းအတွက် နေ့လည်စာ ထမင်းချိုင့်ကို ဆေးရုံသို့အရောက် စီစဉ် ပို့ဆောင်ပေးလေသည်။

"ကိုယ်က ဆေးရုံ ကန်တင်းမှာစားလည်း ဖြစ်ပါတယ် ညီရယ် နောက်ဆိ် တကူးတကတွေ မလုပ်နဲ့ ဝန်ပိုတယ်.."

စစ်နိုင်းပြောတော့....

"ကိုကိုကနော် စေတနာနဲ့ စားစေချင်လို့ ပို့ပေးတာကို လူကို စိတ်မ ကောင်းအောင် ပြောပြန်ပြီ"

ဖုန်းထဲကနေ ထွက်လာတဲ့ အသံဖျော့ဖျော့လေးအရ ရှင်းခန့်တို့ နှုတ်ခမ်း လေးတွေ စုလုံးကာ မျက်မှောင်လေး တွန့်နေတော့မှာကို စစ်နိုင်း တွေးမိ လိုက်ပြီးမှ ပြုံးမိကာ....

"ဟုတ်ပါပြီကွာ ကိုယ်က ကိုယ့်အတွက်နဲ့ ညီအလုပ်ရှုပ်မှာ စိုးတာပါ.."

"ရှုပ်စရာလား ဖုန်းလေးဆက်ပြီး ညွှန်ကြားယုံလေးကို..."

ဖုန်းထဲမှ စူပွပွ ကလေးဆန်ဆန် အသံလေးကြောင့် စစ်နိုင်း မျက်နှာမှာ နူးညံ့ခြင်းအရိပ်တွေ မစဲတော့။ရှင်းခန့်က ဟိုးငယ်ငယ်လေးထဲက နူးညံ့အေးဆေးတဲ့ ကောင်လေး။ယခု အသက်၂၄စွန်းစွန်းမှာ ကိုယ်တိုင်ကိုယ်ကျလုပ်ငန်းတွေကို ဦးစီးဦးရွက် ပြုနေတာတောင်မှ မာန်တွေမာနတွေဖြင့်ထည်နေတက်တာမျိုးမရှိ။ဟိုးယခင်ကအတိုင်း အေးအေးဆေးဆေးသာ။သူ့ကိုဆိုလည်း ငယ်စဉ်တုန်းကအတိုင်း ခင်တွယ်နေတက်တာ အပြောင်းအလဲမရှိ။

အပြောင်းအလဲ မရှိဘူးဆိုလို့ မဆီမဆိုင် စူးရဲရန်လိုနေတက်တဲ့ အစိမ်းရောင် မျက်ဝန်းတွေကို ဖြတ်ကနဲ သတိရမိသေးသည်။ဒေါနလည်း ဘာများပြောင်းလဲလို့လဲ။ငယ်ငယ်တုန်းကလိုမျိုး ယခုအချိန်အထိ ရန်လို ရိုင်းစိုင်းနေဆဲပဲကို။

"Hello ကိုကို ဘာလို့တိတ်သွားတာလဲ...."

"ဟင်..."

ဖုန်းပြောနေရင်း ရုတ်တရက် အတွေးက ဒေါနဆီသို့ ပြေးလွှားရောက်သွားတော့ စကားပြောနေတာကို အာရုံမရတော့။

!ကျစ်...ဘာလို့များ မဆီမဆိုင် ဆွဲတွေးနေမိမှန်းမသိ..!

ကိုယ့်ဖာသာကိုယ် စိတ်ထဲ မကျေမလည် ရေရွတ်မိရင်း....

"အော် မတိတ်ပါဘူး ကျေးဇူးပါနော် နေ့လည်စာအတွက်.."

"ဟင် ဘာကျေးဇူးလဲ ကိုကိုကနော် ဟိုက ပြန်လာပြီးမှ တအားသူစိမ်းဆန်တာပဲ ကျွန်တော်တို့ကြားမှာ ကျေးဇူးဆိုတာ ရှိလို့လား"

လေလှိုင်းထဲမှ မကျေမနပ် အသံလေး ထပ်ထွက်လာတော့ စစ်နိုင်း မျက်ခုံးကို လက်မဖြင့် ကုတ်ခြစ်မိသည်။ရှင်းခန့်တစ်ယောက်ဟာ သူ့အပေါ်မှာ ငယ်ငယ်တုန်းက သံယောဇဥ်ထက် ပိုသာတဲ့စိတ်မျိုးရှိနေသလားလို့ သံသယဝင်နေမိတာလည်း အခါခါ။သို့သော်လည်း ထိုသံသယတို့က ဘယ်တုန်းကမှ ကြာကြာမခံခဲ့။သူ့ဖက်ကသာ တဖက်သတ်အတွေးလွန်းနေခဲ့တာဖြစ်သည်။ရှင်းခန့်က လိင်တူချင်းသဘောကျတက်သည့်သူမှ မဟုတ်ပဲ။သူ့အပေါ်မှာ ညီလိုအကိုလိုတွယ်တာနေတာမျိုးသာဖြစ်သည်။

ရှင်းခန့်ဆိုတာ သိပ်ကို ဖြူစင်လွန်းတဲ့ ကောင်လေးမဟုတ်လား။ယောင်ပြီးတော့တောင် ညစ်ညမ်းတဲ့စိတ်မျိုး သူ့မှာ မတွေးရက်ပါ။ရှင်းခန့်နှင့် သူ့ကြားက မေတ္တာတရားကို အဖြူရောင် သန့်သန့်လေးဖြင့် ထာဝရ တည်တံ့နေစေချင်တာ။ရှင်းခန့်ကို တန်ဖိုးထားရလွန်းလို့ သူတကယ် အတွေးထဲမှာတောင် မပြစ်မှားဝံ့ပါ။ရှင်းခန့်ဆိုတာ သူ့အတွက်တော့ တဏှာရာဂ ညစ်နွမ်းမှုတွေ ကင်းစင်တဲ့ နယ်မြေမှာသီးသန့်တည်ရှိနေတဲ့ ၅၂၈သံယောဇဥ်လေးသာ။

"ဟုတ်ပါပြီဗျာ...ကောင်းကောင်းစားပါမယ် ခင်ဗျ"

"အင်း..အဲ့ဒါဆို ကျွန်တော် ဖုန်းချလိုက်တော့မယ်နော် ကိုကိုလည်း နေ့လည်စာ စားလိုက်အုံး bye.."

"Ok ညီ bye..."

ရှင်းခန့် ဖုန်းချသွားသည့်အထိ စစ်နိုင်းမျက်နှာမှာ အပြုံးနုနုတို့ ထင်ဟပ်ကျန်နေခဲ့ဆဲ။အဲ့ဒီကလေးက အဲ့ဒီလိုပဲ..စကားစမြည်ပြောလိုက်ရရုံလေးတောင် စိတ်အေးချမ်းစေနိုင်စွမ်းတယ်။စစ်နိုင်း တွေးနေမိရင်း မျက်လုံးအကြည့်တို့က ဘာရယ်မဟုတ် ဆေးရုံအောက်သို့ ရောက်သွားသည်။ကားပါကင်အရှေ့မှ အရိပ်ရသော ခုံတန်းလေး၌ ပူးကပ်ထိုင်နေကြသော အရိပ်နှစ်

ခုအား မြင်တွေ့လိုက်ရတာကြောင့် မျက်နှာပေါ်မှအပြုံးတို့ လမ်းခုလတ်မှာ ရပ်တန့်သွားရလေသည်။

!ဒေါ်နုက....ဆေးရုံကို နေ့တိုင်းလာနေတာလား...!

ဟိုတစ်နေ့က တွေ့ခဲ့သည့်အတိုင်း ကော်ဖီညိုရင့်ရောင် ဂုတ်ထောက် လှိုင်းတွန့်ဆံပင်တွေကို ဖြစ်သလို စုသိမ်းစည်းထားကာ မျက်နှာပေါ် ဟိုတစ် စ ဒီတစ်စ ဆံပင်တွေ ပြန်ကျနေပုံက တမင်တကာ စတိုင်ထွင်ထားတာ မဟုတ်မှန်းသိပေမဲ့ တစ်မျိုးလေး ကြည့်ကောင်းနေတာ ငြင်းမရ။မြင်းချေး စိမ်းရင့်ရောင် တီရှပ်ကိုယ်ကျပ်က ပိန်ပါးသော ကိုယ်ဟန် သွယ်သွယ်ပေါ် မှာ ချပ်ကပ်နေလျှက် ဖြူဝင်းနေသော အသားအရည်ကို ပို၍ပေါ်လွင်အောင် ပံ့ပိုးပေးနေသည့်နှယ်။ဒေါ်နုရဲ့ ကုသိုလ်ကံက ငယ်စဉ်ကတည်းက နေပူထဲ ဘယ်လောက်ထွက်ထွက် အသားအရောင်က ပြောင်းလဲသွားတာမျိုး မရှိ တာဖြစ်သည်။

ခုံတန်းလေးပေါ် ယှဉ်လျှက်ထိုင်နေရင်း နောက်ဖက်သို့ လက်ပစ်တင် တော့ ရဲဇင်က ဒေါ်နုရဲ့ ရင်ခွင်ထဲ ဝင်ထိုင်နေသလိုလို။ဆေးလိပ်ကို လက်ကြားညှပ်ထားလျှက် စကားတွေ ပြောနေကြတာကို အပေါ်က လှမ်း ကြည့်နေရင်း ကြည်လင်နေတဲ့ စိတ်က နောက်ကျိ ရှုပ်ထွေးလာရသည်။ဒီ နေရာဟာ ဆေးလိပ်ကင်းစင်နယ်မြေ ဆိုတာ မသိတာလား တမင်ဂရုမ စိုက်တာလား ဒီကောင်က။

ဘေးကတစ်ယောက်ကလည်း ဆရာဝန်ဖြစ်နေပြီး ဆေးရုံမှာ ဆေးလိပ် လာသောက်နေတာကို လက်သင့်ခံနေရလား။မနက်ဖြန်ကျရင်တော့ ဆေးလိပ်မသောက်ရဆိုတဲ့ စာတွေ ပြူးပြဲနေအောင် ဆေးရုံတစ်ဝန်းလုံး အနှံ့ လိုက်ကပ်ခိုင်းဦးမှပါ။ပြီးတော့ ဝန်ထမ်းတွေရဲ့ ဧည့်တွေ့ချိန်ကိုလည်း သေချာကန့်သတ်မှ ဖြစ်တော့မည်။

!နေ့တိုင်း ဆေးရုံကို ပန်းခြံမှတ်ပြီး လာလာ dateနေတာကတော့ ဟုတ်ကို မဟုတ်သေးဘူး..!

နောက်ကျိုရှုပ်ထွေးနေတဲ့ စိတ်များဖြင့် စားဖြစ်ခဲ့တဲ့ နေ့လည်စာမို့လို့ လည်ချောင်းထဲဘယ်လို ခုန်ပေါက် ဝင်သွားသလဲမသိ။အရသာခံဖြစ်ဖို့ ဝေးစွ။ဒေါနက သူ့အတွက်တော့ ငယ်ငယ်တုန်းကနေ ယခုအချိန်ထိ စိတ်အနှောင့်အယှက်ကို ကောင်းကောင်းကြီး ပေးနေဆဲ။

.

.

.

"Sorryပါကွာ ထွက်လာခါနီးမှ သမီးက ဂျီကျနေလို့ကွ..."

ဖုန်းထဲမှ တောင်းပန်တိုးလျှိုးစွာ ထွက်လာသော ထင်ကျော်၏ အသံကြောင့် စစ်နိုင်း စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။ဟိုကောင် သီဟကလည်း သူ့ယောက္ခမကြီးကို လိုက်ပို့နေရလို့တဲ့။ခိုင်ဇော်ကျတော့လည်း အလုပ်ကိစ္စနဲ့ မန္တလေးရောက်နေသတဲ့။ရှိတာမှ သူငယ်ချင်းလေး ၄ယောက်။ကျောင်းပြီးထဲက သူ့နယ်ပယ်နှင့်သူ ကိုယ်နယ်ပယ်နှင့်ကိုယ် မတွေ့ကြမဆုံကြရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလည်း။သူလည်း မြန်မာနိုင်ငံမှာမှမရှိဘဲ။အခုတော့ ပြန်ရောက်တုန်းလေး ဆုံဖြစ်ကြဖို့ကို လေးယောက်သား ဘယ်လိုမှ တိုင်ပင်မမိ။

"ဟ မင်းမေ့***...ငါကရောက်နေပြီလေကွာ..."

"အေးပါကွာ ငါလည်းထွက်လာဖို့ ပြင်ထားပြီးကာမှ သမီးကကပ်နေတာ ဘယ်လိုမှမရဘူး ဟိုကောင်တွေ ပြန်လာမှ တစ်ရက်ပြန်ချိန်းမယ်ကွာ နော်ယောက်ဖ ငါကျွေးမှာပါ.."

ထင်ကျော်က လေပြည်ထိုးတော့ စစ်နိုင်း ကျစ်ကနဲ စုတ်သပ်ပြီးမှ

"ကျစ်!...ပြီးရောကွာ ပြီးရော.."

စစ်နိုင်း ပြောပြီးတာနှင့် ဆက်သွယ်မှု ပြတ်တောက်သွားသော ဖုန်းကို ခါးကြားထဲသို့ ပြန်ထိုးလိုက်ပြီး သောက်စရာတစ်ခုခုသာ မှာလိုက်ရတော့သည်။weekendလေးမလို့ သူငယ်ချင်းတွေ ဆုံကြပြုကြရင်း ပေါ့ပေါ့ပါးပါး သောက်စားကြ ငယ်မူပြန်ကြမည့် သူ့စိတ်ကူးတွေဟာ တိမ်လိုလေလို လွင့်ပါးသွားရပြီ။ဘယ်သူငယ်ချင်း ကြည့်ကြည့် သားကျွေးမှု မယားကျွေးမှုတွေနဲ့ ဗျာများနေကြတာ တစ်ဖွဲ့လုံးမှာ တစ်ကိုယ်ရည် တစ်ကာယသူတစ်ယောက်ထဲသာ အားယားနေသည်။တခါတလေကျတော့လည်း ယောင်ချာချာနဲ့။

ယမကာကို ဇိမ်ခံသောက်နေရင်းဖြင့် Barထဲ ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိဆဲ မလှမ်းမကမ်းရှ်ိ အမှောင်ရိပ်နည်းနည်း ကျနေသော စားပွဲဝိုင်းတစ်ခုမှာ ဒေါနအား လှမ်းတွေ့လိုက်ရတာကြောင့် စစ်နိုင်း အံ့ဩသွားရသည်။ပို၍ အံ့ဩစရာကောင်းတာက အတူရှ်ိနေတဲ့ အဖော်က ဒေါက်တာရဲဇင် ဟုတ်မနေတာဖြစ်သည်။

ယောကျ်ားလေး နှစ်ယောက် သမာရိုးကျ ပခုံးဖက်ကာ ပူးကပ်ထိုင်နေကြတာလားလို့ တွေးစရာ ရှိပေမဲ့ အကြောင်းသိနေတဲ့ သူ့မျက်လုံးထဲမှာတော့ ဘယ်လိုမှ သာမာန်ဆက်ဆံရေး မဟုတ်ဘူးဆိုတာကို မြင်နေရသည်။ကြည့်နေတုန်း ကောင်လေးက ဒေါန၏ ပါးတစ်ဖက်ကို ဖြတ်ကနဲ လှမ်းနမ်းတာမြင်လိုက်ရတော့ စစ်နိုင်း မျက်မှောင်ကြုတ်သွားရကာ လက်ထဲမှ ယမကာခွက်ကို Barကောင်တာအပေါ် ဆောင့်ချမိသည့်အထိ။အသံကျယ်သွား၍ထင် နံဘေးမှ မိန်းကလေးက စောင်းငဲ့ ကြည့်လာလေမှ စစ်နိုင်း သတိကပ်မိပြီး အားနာသွားရသည်။.

"Sorry..."

ခပ်တိုးတိုး တောင်းပန်လိုက်တော့မှ ထိုမိန်းကလေးက တဖက်သို့ ပြန်လှည့်သွားသည်။ဒေါနကို မြင်လိုက်ရတိုင်း အလိုမကျစိတ်တွေနဲ့ စိတ်လွတ်လက်လွတ် အာရုံများသွားမိတဲ့ ကိုယ့်အဖြစ်ကိုလည်း ကိုယ်မကျေနပ်နိုင်။

"ရှင်က ကောင်မတကာနဲ့ ဖောက်ပြန်တာ အားမရလို့ အကောင်တွေနဲ့ပါ ဖောက်ပြန်နေတယ် ဟက်လား.."

"ဖုန်း ဘုန်း ဘုန်း...."

"ဟာ ရတီ မဟုတ်ဘူး ကိုယ်ရှင်းပြ..."

"ဘာမဟုတ်တာလဲ ဘာရှင်းပြမှာလဲ လက်ပူး လက်ကြပ်မိနေတာတောင် ရှင်က ဘာကို မုန်လာဥ လုပ်ချင်နေတာလဲ ဟမ်..."

"မဟုတ်ပါဘူး ရတီရယ်..."

"ဟုတ်တာတွေ မဟုတ်တာတွေ လာမပြောနဲ့ ရှင်နဲ့ အဲ့ဒီကြာကူလီကောင်ကို စောက်ရှက်ခွဲဖို့လိုက်လာတာ တစ်သက်လုံး ခေါင်းမဖော်နိုင်အောင် စောက်ရှက်ခွဲပေးမယ်.."

ပိုက်ဆံအ်ိတ်ဖြင့် တဘုန်းဘုန်း ထုရိုက်သံ စကားသံ ဆူဆူညံညံများကြောင့် ခုနက အနောက်တိုင်း တီးလုံးသံငြိမ့်ငြိမ့်လေးဖြင့် အေးချမ်း ငြိမ်သက်နေသော Barလေးက ချက်ချင်းပွက်လောရိုက်သွားတော့သည်။အသံလာရာကို စူးစမ်းမိတော့ ဒေါနတို့ ဝိုင်းကဖြစ်နေလေသည်။

"ဟိတ် စကားကို ကြည့်ပြော ငါကြာကူလီ မဟုတ်ဘူး မင်းလင်ကို ကြာခိုစရာ ဘာစောက်ကြောင်းမှ မရှ်ိဘူး..."

ဒေါန၏ ခပ်ရင့်ရင့်အသံက ဒေါသတွေကို မျိုချအောင့်အီး ထားရသလိုမျိုး ခပ်ရိုင်းရိုင်း ထွက်ပေါ်လာလေသည်။

"ဟျောင့် ဂျေမီ လစ်လိုက်တော့ မင်း စောက်ဇယားတွေ မငြိမ်ဘဲ ငါ့ကို စောက်ဇယားလာမကပ်နဲ့ ဟျောင့် လစ်တော့."

ဒေါနက ထိုမိန်းမကိုလည်း ပြောသလို နံဘေးက ယောကျ်ားလေးကို လည်း အော်ပစ်သည်။ထိုယောကျ်ားကတော့ ဒေါနနှင့် ထိုမိန်းမကြား ဘာ လုပ်ရမလဲ ဗျာများနေသည်ပုံ။Barထဲမှ လူတွေအားလုံးလည်း ဖြစ်နေသော အရေးအခင်းကို မသိမသာ စပ်စုနေရာမှနေ၍ ပြောင်ပြောင်တင်းတင်း ဖြစ်လာရတော့သည်။

"အံမာ သူခိုးက လူပြန်ဟစ်လို့ စောက်ခြောက် ကြာကူလီ သူများ ယောကျ်ားကို ကြာခိုနေပြီး ဖာလောက်တောင် စောက်ဆင့်မရှိတဲ့ ကောင်က များ..ကဲ..."

မိန်းကလေးက၏ နှုတ်မှ ရုပ်ရည်နှင့်မလိုက်ဖက်လှစွာ စကားကြမ်းကြမ်း များ ခုန်ပေါက်ထွက်လာပြီး ဒေါန၏ ပါးအား ပြေးရိုက်ချတော့ ဒေါနက လက်ကိုဖြတ်ကနဲ အားဖြင့် ဖမ်းဆုပ်ပြီးမှ...

"အခြောက်ဖြစ်တော့ ဘာဖြစ်လဲ မင်းတောင် အဲ့ဒီစောက်ခြောက်လောက် မဆွဲဆောင်နိုင်လို့ မင်းအပေါ်မသာယာတော့တဲ့ မင်းလင်ကို အရှက်မရှိ လူပုံအလယ်လိုက်ဆွဲနေရတာမဟုတ်လား..."

"ဘာပြောတယ် နင် နင်..."

"ငါ့ဖြစ်တည်မှုကို နင့်လိုမိန်းမ မပြောနဲ့ ငါ့အမေ စော်ကားလာရင်တောင် သည်းမခံဘူး တောက်!.."

သွားကြားထဲမှ စိမ့်ထွက်လာသော လူသတ်လိုရိပ် အပြည့်ပါသည့် အေး စက်နေသော အသံဖြင့် တစ်လုံးချင်း ပြောသည်။ပြီးတော့မှ ဆုပ်ကိုင်ထား သော လက်ကို အားဖြင့် ဆောင့်တွန်းလွှတ်တော့ ထိုမိန်းကလေး ကြမ်းပြင်

ပေါ်သို့ ပုံကနဲကျသည်။စစ်နိုင်း စိုရိမ်းစိတ်တွေ မြင့်တက်လာကာ ဘယ်လို ကဘယ်လို ဒေါ်နု၏အနားသို့ စွေ့ကနဲ ရောက်သွားမိလဲ မသိတော့။

"ဒေါ်နု...."

စစ်နိုင်း၏ အရိပ်ကို မြင်တော့ မျက်ဝန်းစိမ်းတွေထဲ အံ့ဩရိပ်တွေ ဖြတ်ပြေးသွားတာက ခဏလေးပဲဖြစ်သည်။နီးကပ်နေသော အနေအထားအရ အသက်ရှူသံတွေ ပြင်းထန်ကာ ဒေါ်နုတစ်ယောက် မျက်ဝန်းတွေက စိမ်းတောက်နေလျှက် အလွန်းအမင်း ဒေါသထွက်နေတာ သိသာလှသည်။စစ်နိုင်းက ဒေါ်နု၏ ပခုံးတစ်ဖက်အား သတ်ိပေးသလို ဆုပ်ကိုင်ဖြစ်ညှစ်သည်။ငယ်ငယ်ကတည်းက ဒေါ်နုက ဘယ်လောက်အထိ ဒေါသကြီးသလဲ သူအသိဆုံး မဟုတ်လား။

"နင် နင် အောက်တန်းစား အရိုင်းစိုင်းကောင် ပိုင်းလုံးကောင်..."

"ရတီ တော်တော့လို့ ပြောနေတယ်...."

ဂျေမီက လဲကျသွားသော ရတီ့အား ပွေ့ထူကာ ခပ်ဆတ်ဆတ် အော်တော့...

"အော် ရှင့်လင်ငယ် ထိတော့ ရှင်နာတယ်ပေါ့ အောက်တန်းစား ပိုင်းလုံးကပိုင်းလုံးပဲလေ မဟုတ်လို့လား သူများလင်ကို ခိုးစားနေတဲ့ ပိုင်းလုံးကောင်.."

ရတီဆိုသော မိန်းမက စူးစူးဝါးဝါး ထအော်တော့....

"ဟာ...ဒီမိန်းမ..."

"ဒေါ်နု မလုပ်နဲ့ စိတ်ထိန်းစမ်း..."

စစ်နိုင်း ဒေါ်နု၏ ကိုယ်ကြီးအား အသဲအသန် ပြန်ဆွဲထားလိုက်ရသည်။ မိန်းကလေးနဲ့ ယောကျ်ားလေး ဖြစ်ဟေ့ဆို ကိုယ့်ဖက်ကပဲ အလွန်ဖြစ်မယ်

မဟုတ်လား။

"အံမာ လာလေ နင်က ဘာလုပ်ချင်လို့လဲ အောက်တန်းစား ပိုင်းလုံးကောင်ကများ ကဲဟယ်..."

ရတီက ပြောပြောဆိုဆို ပုလင်းကို ဘယ်အချိန်ထဲက ဆွဲယူလိုက်မှန်း မသိရကာ ဒေါနန၏ မျက်နှာတည့်တည့်သို့ အရက်ပုလင်းဖြင့် ပစ်ပေါက်လေ၏။ စစ်နိုင်း ထိတ်ကနဲ ဖြစ်သွားရကာ ကိုယ်ကို တစ်ပတ်လှည့်ပစ်ပြီး ဒေါနန၏ မျက်နှာကို ရင်ခွင်ထဲ ဆွဲသွင်းရင်း အသဲအသန် ကာကွယ်လိုက်ရသည်။ ကျောပြင်ကြီးတစ်ခုလုံးနှင့် အရက်ပုလင်းက လည်းကျကျနန မိတ်ဆက်သွားရလေသည်။

"အင့်...."

လွှဲပစ်လိုက်တဲ့ အရှိန်ကမနည်းတာမို့လို့ စစ်နိုင်း၏ ကျောပြင်တစ်ခုလုံး အောင့်မျက်သွားကာ အသက်ရှူပါမှားသွား ရသည်။ဒီအရှိန်အတိုင်းသာ ဒေါနန၏ မျက်နှာအား မ်ိတ်ဆက်မိသွားလို့ကတော့ မတွေးရဲစရာပင်။

"ရတီ တော်ပြီလို့ ပြန်မယ်.."

"မတော်ဘူး မပြန်ဘူး ဖယ် လွှတ် အဲ့ဒီပ်ိုင်းလုံးကောင်ကို အသေသတ်မှာ ဖယ် လွှတ်...."

ဂျေမီက အခြေအနေတွေ ပိုဆိုးရွားမလာခင် အော်ဟစ်သောင်းကျန်း နေသော ရတီ့အား ကောက်ပွေ့ကာ ခေါ်ထုတ်သွားတာကြောင့် အော်ဟစ်ဆူညံသံတွေ ထုရိုက်ပုတ်သံတွေ တဖြည်းဖြည်း ဝေးသွားကာ Barထဲ ပြန်လည် တိတ်ဆ်ိတ်သွားရတော့သည်။

"တောက်!..."

တောက်ခေါက်သံ ပြင်းပြင်းကြောင့် စစ်နိုင်းက ဒေါနအား ရင်ခွင်ထဲမှ

ချာ၍ မျက်နှာလေးအား စိုက်ကနဲ ကြည့်ပြီးမှ...

"ဘာဖြစ်သွားသေးလဲ..."

စစ်နိုင်းမေးတော့ ဒေါနက ဘာဖြစ်ရမှာလဲဆိုတဲ့ အဓိပ္ပါယ်ရတဲ့ ချဉ်တူးတူး မျက်ဝန်းတွေ ပင့်တက်လာပြီးမှ ရင်ခွင်ထဲက မညာမတာ ရုန်းထွက်ပစ်သည်။ရုတ်တရက်မို့လို့ စစ်နိုင်း၏ ကျောပြင်က စူးကနဲ အောင့်တက်လာကာ မျက်နှာမဲ့ကနဲ ဖြစ်သွားရသည်။ဒါကိုလည်း ဒေါနကတော့ သူ့ဒေါသနှင့်သူ သတိထားမိပုံ မရပါပဲ စားပွဲပေါ်မှ ပိုက်ဆံအိတ်ကို ကောက်ဆွဲကာ စစ်နိုင်း၏ ပခုံးအား တိုးတိုက်ထွက်လေသည်။စစ်နိုင်းလည်း ဒေါနထွက်သွားရာနောက်သို့ ယောင်ချာချာဖြင့် လိုက်ပါလာခဲ့မိတာ ဘာကြောင့်မှန်းတောင် မတွေးမိခဲ့။

ကားပါကင်သို့ရောက်တော့ ဒေါနက စစ်နိုင်း တံခါးဖွင့်ပေးသော ကားထဲသို့ ဘာမှမပြောပဲ ခပ်တည်တည်သာ ဝင်ထိုင်လေသည်။

"အိမ်ပြန်မယ် မှတ်လား...."

နှစ်ယောက်ကြားက တိတ်ဆိတ်နေသော လေထုကို စစ်နိုင်းက စတင်ဖြိုခွဲပစ်သည်။

"ဘယ်အချိန်ရှိသေးလို့ အိမ်ပြန်ရမှာလဲ.."

ဒေါန၏ စကားကြောင့် စစ်နိုင်း လက်မှ နာရီကို ပင့်ကြည့်တော့ ၁၂ကျော်နေပြီ။ဒါက အိမ်ပြန်သင့်တဲ့ အချိန်မဟုတ်သေးဘူးတဲ့လား။အမှန်ဆို သူလည်း အိမ်ပြန်ချင်စိတ်မှ မရှိဘဲ။နဂိုထဲက သူငယ်ချင်းတွေနဲ့ Night outထွက်ဖို့ လာခဲ့တာပဲ။အစီအစဉ်တွေ ကမောက်ကမ ဖြစ်ကုန်လို့ ဘူနေရတာလေ။

"Okလေ အဲ့ဒါဆို ဘယ်သွားချင်လဲ..."

"ဘယ်နေရာ ဖြစ်ဖြစ် အိမ်မဟုတ်ရင် ပြီးရော..."

ဒေါနရဲ့ စကားကြောင့် စစ်နိုင်း ခပ်ဟဟ ရယ်ကာ ကားကို အမြန်လမ်းဖက်သို့ လမ်းကြောင်းပြောင်းပြီးမှ အရှိန်တင်လိုက်လေသည်။ပြီးတော့ အမြန်လမ်းဘေးက ဆိုင်လေးတစ်ခုမှ ဘီယာနှစ်ကဒ်လောက်ကိုလည်း ကားအနောက်ခန်းထဲသို့ ပစ်တင်ခဲ့လိုက်သေးသည်။

!But if you like causing trouble up in the hotel room!

မင်းက hotelအခန်းထဲမှာ ပြဿနာ ရှာရတာ ကြိုက်တယ်ဆိုလျှင်တော့

!And if you like having secret little rendezvous!

ပြီးတော့ တိတ်တိတ်လေး ခိုးပြီးချိန်းတွေ့ရတာကို ကြိုက်တယ် ဆိုလျှင်တော့

!if you like to do the things you know that we shouldn't do!

ငါတို့ မလုပ်သင့်ဘူးလို့ သိနေတဲ့ အရာတွေကို လုပ်ရတာကြိုက်တယ်ဆိုလျှင်တော့

Baby! I'm perfect

ဘေဘီ ငါက အသင့်တော်ဆုံးသူပဲ

Baby! I'm perfect for you

ဘေဘီ ငါကမင်းအတွက် အသင့်တော်ဆုံးပဲ....

And if you like midnight driving with the windows down

ညလယ်ခေါင်မှာ ကားမှန်တံခါးလေးဖွင့်ပြီး ကားမောင်းရတာကြိုက်တယ် ဆိုလျှင်တော့

if you like to do whatever you've been dreaming about

မင်းလေးက စိတ်ကူးပေါက်တဲ့အတိုင်း ထလုပ်ရတာ ကြိုက်တဲ့သူဆိုလျှင်တော့

Baby! you're perfect

ဘေဘီ! မင်းက အသင့်တော်ဆုံးသူပါပဲ....

ကားအမိုးကို ဖွင့်ပေးကာ One directionရဲ့ perfectသီချင်းကိုပါ ခပ်ကျယ်ကျယ်လေး ဖွင့်ပေးလိုက်တော့ ဒေါနတို့ ဘီယာဘူးကို က်ိုင်ရင်းဖြင့် အာဗြဲလျှာဗြဲ လိုက်ဆိုနေပြီ ဖြစ်သည်။မှတ်မိပါသေးသည်..ဒေါနဇတန်းလောက်တုန်းက One directionအဖွဲ့က အဖွဲ့ဝင်ဖြစ်သူ zaynထွက်သွားလို့တဲ့ ခြံထောင့်မှာ ထိုင်ငိုနေခဲ့ဖူးသေးတာ။အဲ့ဒီကောင်က တခါတရံလည်း သူမှ ဟုတ်ရဲ့လားလို့ တွေးယူရအောင် နူးညံ့နေတက်ပြန်သည်။အဲ့အချိန်ကစပြီး သူလည်း ဘာရယ်မဟုတ် one directionရဲ့သီချင်းတွေကို လိုက်နားထောင်ဖြစ်ခဲ့တာ။ဒေါနလိုကောင်ကိုတောင် ငိုအောင်လုပ်နိုင်ခဲ့တာ ဘယ်လိုအဆိုတော်များလဲဆိုတဲ့စိတ်နဲ့ပေါ့။

ကားလေးက အမြန်လမ်းပေါ် တရိပ်ရိပ် ပြေးနေရင်း ကားနောက်ခန်းမှာ ဘီယာဘူးတွေ စုပုံလာသလို ဒေါနကမ်းပေးသမျှ ယူမော့နေရတာ လူလည်း ခေါင်းထဲ တရိပ်ရိပ်ဖြင့် အတော့်ကို ရေချိန်ကိုက်နေပြီ ဖြစ်သည်။ကားဆက်မောင်းလို့ မဖြစ်တော့တာ သတိဝင်တော့မှ ကားက်ို အမြန်လမ်းဘေး ထိုးချရပ်လိုက်တော့သည်။နှစ်ယောက်သား ကားပေါ်မှ ဆင်းကာ နောက်ဖုံးဖွင့်လျှက် ယှဉ်ထိုင်မိကြရင်း ပတ်ဝန်းကျင်ကို စူးစမ်းမိတော့ ဘေးမှ လယ်ကွင်းတွေက မှောင်မဲတိတ်ဆိတ်နေကာ ကားတွေ ဖြတ်သွားနေတာပဲရှိလေသည်။

"ကိုကို...ရော့.."

ဒေါနကတော့ အတော်လေး မှန်နေပုံရကာ ဘီယာဘူးကို လက်ထဲလာထိုး

ပေးပြန်သည်။စစ်နိုင်းက ဆွဲယူလိုက်တော့မှ ဒေါနက စစ်နိုင်း၏ ပခုံးပေါ် ခေါင်းမှီချသည်။

"Bbay! I'm perfect for you.."

အခုထိ အရှိန်မသေချင်ဘဲ ပခုံးမှီရင်း သီချင်း ငြီးနေသေးသည်။စစ်နိုင်း ဘီယာကို တစ်ကျိုက်မော့ပြီးတော့မှ...

"ရဲဇင်နဲ့က ပြတ်သွားပြီလား ဘာလို့အိမ်ထောင်သည်နဲ့ ပတ်သတ်နေရ တာလဲ.."

အရှိန်လေးရနေတော့ မေးသင့်တာတွေ မမေးသင့်တာတွေ မတွေးမိတော့ ပေ။မေးချင်တာတွေ တောက်လျှောက်မေးချသည်။

"ရဲဇင်..!"

ဒေါနက သံယောင်လိုက်ရွတ်ပြီးမှ....

"အော် ဒေါက်တာလေး..အဟား မပြတ်ပါဘူး သူကချစ်ဖို့ကောင်းတယ်..."

ဒေါနပြောတော့ စစ်နိုင်း မျက်မှောင်ကြုတ်သွားရကာ...

"အဲ့ဒါဆို ဟိုမိန်းမရှိတဲ့ကောင်ကရော သူများယောကျ်ားကို မင်းက ဘာ လို့.."

"ဟက် အောက်လိုက်တာ ကိုကိုရာ ကျွန်တော်က သူမိန်းမဆီက သွားလု နေတာ မလို့လား ဒီလိုပဲ one night standသဘောမျိုးပဲကို.."

"ဒါဆိုလည်း တခြားလွတ်လွတ်ကင်းကင်း..."

"No No အများကြီး မတွေးနဲ့ ကိုကိုရဲ့ sexဆိုတာ စိတ်အပန်းဖြေမှု သက်သက်ပဲလေ အများကြီး မတွေးနဲ့.."

အများကြီး မတွေးနဲ့ဆိုတဲ့ စကားကို အမူးသမားတို့ ထုံးစံအတိုင်း လက်ညှိုးတစ်ချောင်း ထောင်လျှက် မျက်လုံးတွေ ရီဝေစင်းကျနေစွာ ပြော

လေ၏။ပြောပြီးမှ နောက်တဖန် စစ်နိုင်း၏ ပခုံးပေါ်သို့ ခေါင်းမှီချတော့ စစ်နိုင်က မလိုလားစွာ ပခုံးကို တွန့်ကာ ရှောင်ဖယ်ပစ်သည်။ဒေါနက ဘာကို သဘောကျသွားမှန်းမသိပဲ ခပ်ဟဟရယ်ပြီးမှ...

"ဟား..ကျွန်တော် အိပ်ချင်ပြီ.."

ပြောပြောဆိုဆို အနောက်ဖုံးထဲမှာပဲ ကွေးကွေးလေး ကိုယ်ကို စောင်းကာ စစ်နိုင်း၏ ပေါင်ပေါ်သို့ ခေါင်းအုံးချလေတော့သည်။

"ကိုကို I'm perfect for you..."

အိပ်ပျော်ခါနီး အချိန်အထိ သီချင်းစာသားတွေကို မပီမသ ဗလုံးဗထွေး ရေရွတ်သွားသေးသည်။စစ်နိုင်း ခေါင်းမော့၍သာ ဟက်ကနဲ အသံထွက်၍ ရယ်မိ၏။

!ဒါက ဒေါနရဲ့ မျက်နှာတစ်ဖက်ခြမ်းတဲ့လား...!

ပေါင်ပေါ်ခေါင်းအုံး အိပ်နေသော ဆံနွယ်ညိုလေးတွေထဲ ရည်ရွယ်ချက်မဲ့စွာ လက်ထိုးဖွနေမိရင်း မှုးမှုးဖြင့်အိပ်ပျော်နေတဲ့ ဒေါန၏ ပုံစံအား အတွေးတို့ ဗလာနတ္တိဖြင့်သာ ငေးကြည့်နေမိတာ ညရဲ့အလှတရားကိုတောင် မေ့လျော့သွားမိတဲ့အထိ....

***

~~4~~

"ကောင်လေးတွေ…ဟေ့ ကောင်လေးတွေ.."

ပခုံးကိုလှုပ်နှိုးနေသော အသံကြောင့် စစ်နိုင်း မျက်ဝန်းတို့ ပွင့်ဟလာရတော့ မျက်နှာနားမှာ ဦးလေးကြီး တစ်ယောက်၏ မျက်နှာကို အနီးကပ်တွေ့လိုက်ရ၏။ဒေါနကတော့ ပေါင်ပေါ်မှာ ကွေးကွေးလေး အိပ်မောကျလျှက်သား။ညတုန်းက အဖြစ်အပျက်တွေကို စက္ကန့် အနည်းငယ်အတွင်း memoryပြန်ခေါ် လိုက်ရပြီးမှ ဦးနှောက်က ကောင်းကောင်း အလုပ်လုပ်တော့သည်။ညက နှစ်ယောက်စလုံး မူးမူးဖြင့် ကားနောက်ဖုံးကြီး ဖွင့်ပြီး ဒီအတိုင်း အိပ်ပျော်သွားခဲ့တာပဲ။

"ဘာဖြစ်လို့လဲ ကားပျက်သွားတာလား ကောင်လေး"

စစ်နိုင်းက ဒေါန မနိုးသေးတာကြောင့် ဒီအတိုင်း ထိုင်နေသည့်ဟန်ကို မပြောင်းသေးဘဲ…

"ဟို ညက ကျွန်တော်တို့ အရမ်းမူးသွားလို့ ကားဆက်မမောင်းတော့ပဲ ဒီနားမှာ အမူးပြေအောင် နားရင်း အိပ်ပျော်သွားတာ ခင်ဗျ.."

စစ်နိုင်း ယဥ်ယဥ်ကျေးကျေး ပြန်ပြောတော့မှ ဦးလေးကြီးက ခေါင်တဆတ်ဆတ်ညိတ်ရင်းဖြင့်…

"လမ်းဘေးကြီးမှာ အိပ်ရတယ်လို့ မင်းတို့ ခေတ်လူငယ်တွေလည်း ခက်ပါတယ် မတော် ကားတွေဘာတွေ ဝင်တိုက်မိရင် ဒုက္ခ…"

ဦးလေးကြီးက ငြီးငြီးငြူငြူ ပြောဆိုပြီးမှ ပေါင်ပေါ်မှာ အိပ်ပျော်နေသော

ဒေါနအား တချက်ငေ့ကြည့်ပြီး မေးငေါ့ကာ....

"နှိုးလိုက်ပါဦး ပြီးရင်တော့ ဒီနေရာက ကားဖယ်ပေးမှရမယ် လမ်းပြင်ရမှာမို့လို့.."

ဦးလေးကြီး ပြောမှပဲ စစ်နိုင်း ပတ်ဝန်းကျင်ကို သေချာစူးစမ်းကြည့်တော့ သူတို့ကားရပ်ထားမိတဲ့ နေရာက လမ်းလုပ်ငန်း ဆောင်ရွက်နေတဲ့ နေရာကြီး။ဦးလေးကြီးက လမ်းလုပ်သားကြီး ဖြစ်ပုံရလေသည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့..."

စစ်နိုင်း ခေါင်းညိတ်ကာ ပြောလိုက်တော့မှ ဦးလေးကြီးက ပြန်လှည့်ထွက်သွားလေတော့သည်။

"ဒေါန...ဒေါန..ထ ထတော့ မိုးလင်းနေပြီ..."

"ဟင်...အွင်း..."

ပါးကို ခပ်ဆတ်ဆတ် ရိုက်ပုတ်နှိုးလေတော့ ဟင်ကနဲ ထူးပြီးမှ အင်းလည်းမဟုတ် အွန်းလည်းမဟုတ်သော အသံကိုပြုလျှက် မျက်တောင်တွေ တဖျတ်ဖျတ်ခတ်ရင်း နိုးလာလေ၏။ဒေါနပေါင်ပေါ်က ထသွားတာတောင်မှ စစ်နိုင်း ချက်ချင်းထမရ။ခြေထောက်တစ်ချောင်းလုံး ကျဉ်ခဲနေတာကြောင့် ခဏ ထိုင်နေလိုက်ရသေးသည်။ပြီးမှ ကားထဲမှ ရေသန့်ဘူးကို ဆွဲယူကာ မျက်နှာသစ် ပလုတ်ကျင်းလိုက်ပြီး ကားအရှေ့ခန်းသို့ လှမ်းခဲ့လိုက်တော့ ဒေါနက lover seatမှာ ခေါင်းမှီပြီး မျက်လုံးမပွင့်သေး။

"မျက်နှာမသစ်ဘူးလား..."

ကားထဲဝင်ထိုင်ရင်း စစ်နိုင်းမေးတော့ မျက်လုံး မပွင့်ပါဘဲ....

"အိပ်ချင်သေးလို့ မျက်နှာသစ်လိုက်ရင် မျက်လုံးကျယ်သွားမှာ.."

ဖြစ်ရလေခြင်း!...အိပ်ချင်စိတ်ကိုများ တမင်တကာ မွေးမြူနေရတယ်လို့

စစ်နိုင်း စိတ်အတွင်းမှသာ ရေရွတ်မိရင်း ကားကို မောင်းထွက်ပြီးမှ...

"မနက်စာ တခုခုစားဦးမလား ရှေ့ဆို Feelရောက်ပြီ မုန့်ဟင်းခါး ဝင်စားရအောင်."

စစ်နိုင်းပြောတော့ ဒေါနက မျက်လုံးမှိတ်ထားလျှက်သား မျက်ခုံးတွေ တွန့်ကုပ်ကာ ထိုင်ခုံကို ကျောမှီနေရာမှ ပိတ်ထားသော ကားမှန်တံခါးကို ခေါင်းမှီ၍ လက်ပိုက်လျှက် အနေအထားကို ပြင်ထိုင်၏။

"ကျစ်! အရမ်းအိပ်ချင်နေလို့ ပါးစပ်ပိတ်ထားပေးလို့ မရဘူးလား.."

စိတ်မရှည်သလို ခပ်ဆတ်ဆတ် ထွက်လာသော အသံလေးကြောင့် စစ်နိုင်း ပါးစပ် ပိတ်လိုက်ရတော့သည်။

!တစ်ညလုံး ရေဆွမ်းချည်းပဲ ဘုဉ်းထားတာ သိလို့ စေတနာနဲ့လည်း ပြောရသေး မစားရင်နေပေ့ါ စေတနာကို စော်ကားရတာ ဝါသနာကြီးတဲ့ကောင်!

စိတ်အတွင်းမှ ခပ်ငေ့ါငေ့ါတွေးကာ ခပ်စောင်းစောင်း မကျေမလည် ကြည့်လိုက်တော့ ဒေါနတစ်ယောက် ခြေထောက်ကြီး ကိုးရို့ကားယားဖြင့် နေရာမကျဘဲ အိပ်ဖို့ အဆင်မပြေတာကို တွေ့လိုက်ရတာကြောင့်.....

"ခြေထောက် ဒီကို တင်ထားလေ..."

မနေနိုင် မထိုင်နိုင် မိမိပေါင်ပေါ်သို့ ခြေထောက်တင်ဖို့ ပြောလိုက်ပြီးမှ ကိုယ့်ပါးကိုယ် ပြန်ရိုက်ချင်သွား ရတော့သည်။ဘာလို့များ ခြေထောက်ပါ တင်ခိုင်းရတဲ့အထိ သဘောမနော ကောင်းသွားရမှန်းအသိ။နားငြီးတယ်ဆိုပြီး ထအော်နေဦးမှ။ဒီကောင်က စေတနာဆ်ိုတာကို ခံစားနားလည်တက်တဲ့ကောင် မဟုတ်ဘူးလေ။

စစ်နိုင်း တွေးနေဆဲ ဒေါနက ဖိနပ်ကို ချွတ်ပစ်ကာ ကားမောင်းနေသော စစ်နိုင်း၏ ပေါင်ပေါ်သို့ ခြေထောက်ကို လှမ်းတင်လိုက်တာကြောင့် ရင်ထဲ

မှာ ထိတ်ကနဲ ဖြစ်သွားကာ အံ့ဩသွားရတော့သည်။အမှန်က မလိုဘူး ဘာ ညာနဲ့ ဂူးဂူးဝါးဝါး ထလုပ်ဦးမယ်လို့ ထင်ထားတာလေ။

စစ်နိုင်းက အံ့ဩတကြီး စောင်းငဲ့ကြည့်တော့ ခရီးဆောင်ခေါင်းအုံးကို ခေါင်းနောက်သို့ပို့ကာ ဒေါနကတော့ သူ့အိမ်သူ့ယာနှယ် အေးချမ်းစွာ အိပ်စက်ဖြစ်ဖို့ တာစူနေပြီ။စစ်နိုင်းလည်း တီလုံးချည်းပဲ ပါသော တယော သံ ချွဲချွဲလေးကို ဖွင့်ပေးလိုက်တော့ မြို့ထဲသို့ မဝင်ခင်မှာပဲ ဒေါနတို့ နှစ်ခြိုက် စွာ အိပ်မောကျ သွားခဲ့လေပြီ။

.

.

.

"ဝါး...ဘယ်ရောက်ပြီလဲ"

ကန်တော်ကြီးထဲ အပတ်၂၀မြောက် ပတ်အပြီးမှာတော့ အရှင်သခင်က စက်တော်ခေါ်နေရာမှ နိုးထတော်မူ လာခဲ့ပြီ ဖြစ်လေသည်။တဝါးဝါးဖြင့် သမ်းဝေကာ ခြေလက်ဆန့်ပြီးတော့မှ ပတ်ဝန်းကျင်အား စူးစမ်းရင်းဖြင့် မေးလေတာကြောင့်....

"ကန်တော်ကြီးထဲမှာလေ...."

စစ်နိုင်း၏ စကားကြောင့် ဒေါန အံ့ဩသွားရတော့သည်။အိမ်မပြန်ပဲ ကန် တော်ကြီးထဲ ဘာလာလုပ်တာလဲ။တော်တော် ပျော်နေတာလား

ဒီလူကတော့..

"ဘာကိစ္စနဲ့ ကန်တော်ကြီးထဲလဲ"

ကော်ဖီညိုရောင် မျက်ခုံးတွေကို တွန့်ချိုးရင်း မေးလာတဲ့ အမေးစကားကို ပြန်ဖြေဖို့ စစ်နိုင်း အာရုံမရပါပဲ ပေါင်ပေါ်တင်ထားတဲ့ ပန်းသွေးရောင်ပြေး

ပြီး ခြေသဲခွံလေးတွေ ထောင့်ချိုး ညီနေတဲ့ ခြေချောင်း သွယ်သွယ်လေးဆီမှာပဲ အာရုံကကျသည်။ဒေါနက မျက်ခုံးတွေ ဆံပင်လေးတွေ ကော်ဖီညိုရောင်လေး ဖြစ်နေရုံသာ မကပါပဲ ခြေဆံမွှေးလေးတွေ အစ ကော်ဖီညိုရောင်လေး။

ဒေါနက မေးတော့မေးလိုက်ပေမဲ့ စစ်နိုင်း ပြန်ဖြေသလား ပြန်မဖြေသလားကိုလည်း ဂရုစိုက်မနေဘဲ ပေါင်ပေါ်မှ ခြေထောက်ကို ဆွဲရုတ်ကာ ချွတ်ထားသော ဖိနပ်ကို ကောက်စွပ်သည်။ခြေဖမိုးပေါ်မှာ ဘာအဓိပ္ပါယ်နှင့်ထိုးထားမှန်းမသိတဲ့ နက်စွေးနေသော သံလိုက်အိမ်မြှောင်ပုံ တက်တူးလေးက sneakerအဖြူထဲမှာ ဖုံးအုပ် ပျောက်ကွယ်သွားသည့်အထိ စစ်နိုင်းနှမြောတသစွာ လိုက်ငေးနေပြီးတော့မှ....

"မင်း အိပ်ပျော်နေတာ မနှိုးချင်လို့လေ ကားပတ်မောင်းနေလိုက်တာ.."

စစ်နိုင်း၏ စကားကြောင့် ဒေါန ဆွံ့အသွားရတော့သည်။ဘုရားစူး ပါရဂူဘွဲ့တွေ တသီကြီးနဲ့ သမားတော်ကြီးလို့သာ အော်လိုက်ချင်တယ်။တစ်ခါတစ်ခါ ရွှေဉာဏ်တော်တွေ စူးရောက်ပုံများဟာဆိုတာ။အတက်ကျူးလို့ အရူးဖြစ်သွားတဲ့ပုံပဲ။

ဒေါန ရွဲ့ပွဲ့တွေးပြီးတော့မှ ဖိနပ်ကြိုးကို လက်စသတ်ချည်ကာ....

"ရပ် ရပ် ကျွန်တော် ဒီမှာပဲ ဆင်းတော့မယ်..."

"ဟင် အိမ်မပြန်ဘူးလား..."

စစ်နိုင်းပြောတော့ ဒေါန မျက်ခုံးတို့ ပိုတွန့်ချိုးသွားရကာ ကျစ်ကနဲ စုတ်သတ်ပစ်၍

"ကျစ်! တစ်ချိန်လုံး အိမ်ပဲပြန်ခိုင်းနေတာ အဖိုးကြီး ကျနေတာပဲ ပွစိ ပွစ်ိ နဲ့.."

အလိုမကျစွာ ပြောရင်းဖြင့် ဘောင်းဘီအိတ်ထဲမှ စီးကရက်ဘူးကို ဆွဲထုတ်တော့ စစ်နိုင်း ကားကို လမ်းဘေးဆွဲချ၍ ရပ်ပေးရခြင်းသို့ ရောက်သည်။

"ကားထဲမှာ မသောက်နဲ့.."

စစ်နိုင်းပြောတော့ ဒေါနက ဆေးလိပ်ကို နှုတ်ခမ်းလွှာ ရဲရဲတွေကြား ဖိကပ်ထားရင်းဖြင့် ထီမထင်မျက်ဝန်းများဖြင့် ခပ်စောင်းစောင်း ကြည့်လာကာ ဟွန့်ကနဲ ပြုံးသလို မဲ့သလို လုပ်ပြီးမှ ကားတံခါးကိုဖွင့်ကာ ဆင်းသွားလေတော့သည်။ကားအောက် ရောက်တာနှင့် ဆေးလိပ်ကို မီးညှိကာ ခပ်ပြင်းပြင်း တစ်ချက်ရှိုက်တာကို ကြည့်ရင်း စစ်နိုင်း နှာခေါင်းရှုံ့မိသည်။ အရက်နဲ့မျက်နှာသစ်တာပဲ ကြားဖူးသည်။အခုတော့ ဆေးလိပ်နဲ့ မျက်နှာသစ်တာကို လက်တွေ့မြင်နေရပြီ။

ဆေးလိပ်သောက်ရင်း ဖုန်းပြောနေတာကို စစ်နိုင်း ငေးကောင်းကောင်းနဲ့ ငေးနေတာ ကားကို ပြန်လှည့်ထွက်ဖို့လည်း သတိမရ။ဒီနေရာမှာ သံလိုက်စက်ကွင်းတွေများ ရှိနေသလား။ဖုန်းချပြီးတာနှင့် မိနစ်ပိုင်းအတွင်း ပြိုင်ကားလေးတစ်စီးက ဒေါနအနားသို့ လျှောကနဲ လာရပ်လေသည်။ကားမောင်းလာသူက ဒေါနတို့အရွယ် ကောင်ချောလေးတစ်ယောက်။ဒေါန ကားထဲဝင်ထိုင်ထိုင်ချင်း ထိုကောင်လေးက ဒေါန၏ ပါးပြင်ကို ခပ်ဖွဖွ လိမ်ဆွဲရင်း စကားပြောနေတာကို ကားမှန်ထဲမှ တဆင့် တွေ့ဖြစ်အောင် တွေ့လိုက်ရသေးသည်။ပြီးတော့ ဝေါကနဲ ကားကို မောင်းထွက်သွားတော့သည်။

!ဒီကောင် ဘာလဲဟ လျှော့နံ့ကို နှစ်ဖက်တောင် မဟုတ်ဘူး ဘက်ပေါင်းစုံကနင်းနေတာလား တကယ့် စရိုက်ပဲကွာ...!

စစ်နိုင်း အလိုမကျ မနှစ်မြို့သော စိတ်တွေ အလုံးအရင်းဖြင့် ဆောင့်တက်လာရင်း မေမေ့၏ စကားသံတွေက အခုပဲနားထဲမှာ လာပြောနေသလိုလို...

"လူမှာအမျိုး ကြက်မှာအရိုးတဲ့ သူများယောကျ်ားကို ယူထားမှာတော့ မယားငယ်ဟာ မယားငယ်ပဲပေါ့ ဘယ်လိုနေနေ မယားကြီးဆိုတာ ပလ္လင်အညွန့် စင်အညွန့်ကပဲ ချိုမာဇင်တို့ ဘယ်လောက်ပဲ မိုးပျံအောင် တော်နေနေ ဝေဝေမြင့်ရဲ့ အရိပ်ကို ကျော်နိုင်မယ်တဲ့လား.."

"နီလာကကွာ သူများတကာကို အဲ့ဒီလောက် ချိုးဖဲ့ မပြောပါနဲ့ မချိုနဲ့က ဝေဝေဆုံးပြီးမှ အကြောင်းပါတာကို.."

"အမလေး ဦးနေစစ်ရယ် ရှင်က ဘာသိလို့လဲ ကျွန်မက ဝေဝေ အိပ်ရာထဲ လဲနေတဲ့ အချိန်မှာ အနီးကပ်ရှိခဲ့တဲ့ သူပါ အဲ့ဒီအချိန်ထဲက ကိုမင်းမောင်က မချိုကို ဘယ်လိုတွေ ပေးကမ်းထောက်ပံ့နေပြီး ဘယ်ဇာတ်ကို ကနေသလဲ ဆိုတာ သိပြီးသား အဲ့ဒီအချိန်ထဲက စခဲ့တဲ့ ဇာတ်မို့လို့ ဝေဝေဆုံးပြီး တစ်နှစ်တောင် မကြာဘဲ သူတို့လက်ထပ်ခဲ့တာလေ ကျွန်မ ညီမလေးခမျာ စိတ်ထောင်းကိုယ်ကြေနဲ့ ကြိတ်ခံစားရင်း သားရှင်းကိုပဲ ကျွန်မလက် တဖွဖွ အပ်ခဲ့ရှာတာ သနားဖို့ကောင်းလိုက်တဲ့ မိန်းကလေး.."

အိမ်ထောင်စကျကတည်းက ခြံချင်းကပ်ရပ် ဖြစ်ခဲ့ကြရင်း အေးသော ရိုးသော နူးညံ့သိမ်မွေ့သော လင်ကိုဘုရား သားကိုသခင်ဟူသော ဝါဒကို လက်ကိုင်ထား၍ ကျိုးနွံသော ဝေဝေမြင့်ကို နီလာတင့်က တကယ်ကို ညီမအရင်းသဖွယ် ချစ်ခင်ခဲ့တာ။ဝေဝေမြင့်ဆိုတာလည်း ဘယ်လို ကိစ္စမျိုးပဲ ရှိရှိ မမနီလာရယ်ဆိုပြီး အားကိုး ချစ်ခင်ခဲ့တာ မဟုတ်ပါလား။ဆိုးတိုင်ပင် ကောင်းတိုင်ပင်နှင့် သွေးသားရင်းချာထက်တောင် ပိုပြီးရင်းနှီးခဲ့ကြသေးသည်။ထိုကြောင့် ဝေဝေမြင့် နေရာကို ပုံမှန်မဟုတ်တဲ့ နည်းလမ်းဖြင့် အစားထိုး ဝင်ရောက်လာတဲ့ ချိုမာဇင်ကို ဒေါ်နီလာတင့် မကြည်ဖြူနိုင်တာလည်း အဆန်းတော့ မဟုတ်ခဲ့။ထိုမကြည်လင်တဲ့ စိတ်အခံက ဒေါ်နအပေါ်သို့ပါ အဖျားခတ်လေသည်။

"ပြီးတာတွေလည်း ပြီးခဲ့ပါပြီ နီလာရယ် အခုဆို အားလုံးလည်း အသား တကျ ဖြစ်နေပြီ စိတ်မကောင်းစရာတွေ ပြန်ပြောမနေပါနဲ့တော့.."

"အို..ဘယ်ကပြီးရမှာလဲ သားရှင်းကို မနိမ့်ရဲအောင် ဟိုသတ္တဝါလေး သူ့အမေအားကိုးနဲ့ အနိုင်မကျင့်ရဲအောင် ကျွန်မကာကွယ်ရမှာ ဝေဝေက ကျွန်မကို အပ်ခဲ့တာ ကျွန်မတာဝန် ကိုမင်းမောင်က စီးပွားကို ကျုံးရှာနေတာ ဘာမှသိတာမဟုတ်ဘူး.."

"မဟုတ်သေးပါဘူး နီလာရယ် မချိုကလည်း သားရှင်းကို ချစ်ရှာပါတယ် သူတို့ အဆင်ပြေနေတာပဲကို.."

"အို ရှင်က ဘာသိလို့လဲ မိထွေးဆိုရင် ဂေါတမီကလွဲပြီး ဘယ်မိထွေးမှ ကောင်းတာမရှိဘူး ဟမ့် ဟန်ဆောင်နေတာ စစ်နိုင်းကိုလည်း ပြောထားရမယ် သားရှင်းကို ကာကွယ်ဖို့ စောင့်ရှောက်ဖို့.."

"မင်းကလည်းကွာ ဘာမှမသိတဲ့ ကလေးတွေကို သွေးကွဲအောင်လို့.."

ဒါက ငယ်စဉ်ထဲက အိမ်မှာ စကားဆုံမိရင် ဒေါ်နီလာတင့်တို့ ရေရွတ်နေကြ စကားတွေရယ်ပါ။ခေါင်းမာပြီး တယူသန်ဆန်တဲ့ မေမေ့ အကြောင်းကို အသိဆုံး ဖေဖေက ထိုအခါမျိုးဆို ခေါင်းကိုခါယမ်း၍ မင်းကလည်းကွာဆိုတဲ့ စကားတစ်ခွန်းနဲ့သာ တိတ်ဆိတ်သွားတက်စမြဲ ဖြစ်သည်။

ထိုသို့သော အကြောင်းအရာများကြောင့် ရှင်းခန့်မောင်သည် ငယ်စဉ်ထဲက သူတို့အိမ်ရဲ့ ရတနာထုပ်လေးသဖွယ် သိမ်းထုပ်ကာကွယ်ရမဲ့ အရာတစ်ခု ဖြစ်လာခဲ့သလို ဒေါနကတော့ ထိုရတနာလေးကို ဖျက်လိုဖျက်ဆီး ပြုမည့် အဖျက်သမားနှယ်။

.

.

.

"ဘာတွေ စိတ်ရှုပ်စရာရှိလို့ အိပ်မပျော်တာလဲ ညီ..."

စစ်နိုင်းပြောတော့ ရှင်းခန့်က သက်ပြင်းကို ပါးပါးချရင်း....

"အလုပ်တွေပေါ့ ကိုကိုရယ် အခုဖေဖေက ရွှေသန့်စင်တဲ့လုပ်ငန်းကိုပါ ကျွန်တော့်ကို ဦးစီးစေချင်နေတော့ ဆိုင်မှာလည်းကြည့်ရ အဲ့ဒီအလုပ်တွေလည်း ပြေးကြည့်ရနဲ့ တအားပင်ပန်းတာပဲ.."

ရှင်းခန့်က ငြီးငြီးလေးပြောပြီးမှ....

"ဒါပေမဲ့လည်း ဖေဖေ့က အသက်လေးရလာပြီဆိုတော့ နားချင်ရှာမှာပေါ့ အခုကအစမလို့ နေမှာပါ နောက်ဆိုရင်တော့ အဆင်ပြေသွားမယ် ထင်တာပဲ.."

ရှင်းခန့်က နှုတ်ခမ်းလေးကို ခပ်ဖိဖိကိုက်ကာ ငြီးငြူးပြီးမှ သူ့ဖာသာ ပြန်ဖြေသိမ့်လေသည်။စစ်နိုင်းက ဆေးရုံမှာ night dutyကျနေတာဖြစ်ပြီး ညလယ်ခေါင်ကြီး ရှင်းခန့်တို့ အိပ်မပျော်လို့ဟု ဆိုကာ ကားလျှောက်မောင်းရင်း ဆေးရုံသို့ ပေါက်ချလာသည်တဲ့လေ။ရှင်းခန့် ဖုန်းဆက်တော့ စစ်နိုင်း ကားပါကင်အထိ ဆင်းစောင့်ပြီးမှ နှစ်ယောက်သား ဆေးရုံကန်တင်းသို့ လမ်းလျှောက်ခဲ့တာ ဖြစ်လေသည်။

"ဒေါနကရော ဝိုင်းမကူဘူးလား..."

စစ်နိုင်းမေးတော့ ရှင်းခန့်၏ မျက်နှာလေး တစ်မျိုးတစ်မြည် ဖြစ်သွားပြီးမှ....

"သူက သူ့အလုပ်နဲ့သူ ရှုပ်နေတာလေ..."

ရှင်းခန့်ပြောတော့ စစ်နိုင်း၏မျက်ခုံးတို့ ပင့်တက်သွားရပြီးမှ....

"သူက ဘာအလုပ် လုပ်နေလို့လဲ.."

"လယ်ယာပြန်စားရေးလေ...."

ရှင်းခန့်က အပြုံးနွေးနွေးဖြင့် ပြောသည်။

"အေးပေါ့လေ အိမ်ရှိလူအကုန် အလုပ်လုပ်နေတော့ သူက ဖြုန်းလို့ကောင်းတာပေါ့.."

စစ်နိုင်းပြောတော့....

"ဟိုတစ်နေ့ကတောင် မေချို ဆူနေတာ ကြားသေးတယ် ပိုက်ဆံတွေ တအားသုံးနေလို့တဲ့.."

"ဟုတ်လား.."

"ဟုတ်တယ် သိန်း၃၀ကို ၂ရက်ထဲနဲ့ သုံးပစ်လို့တဲ့..."

ရှင်းခန့်ပြောတော့ စစ်နိုင်း ဟင်ကနဲ ဖြစ်သွားရကာ....

"ဟင် ဘာတွေ အဲ့ဒီလောက် သုံးစရာရှိလို့လဲ ဒီကောင်လေးက ဆိုးလိုက်တာ.."

စစ်နိုင်း ရေရွတ်တော့....

"ဆိုးတာလည်း မဟုတ်ပါဘူး ကိုကိုရယ် လူငယ်ဆိုတော့ ဒီလိုပဲပေါ့.."

"ဟင် အသက် ၂၄လေးက လူငယ်လား ပြီးတော့ ညီတို့နှစ်ယောက်က အသက်တူတူပဲလေ ညီတောင် အလုပ်တွေ ဝင်ကူနေပြီပဲ သူကတော့ အခန့်သားထိုင်ဖြုန်းနေတာ ကောင်းရဲ့လား.."

စစ်နိုင်း မနှစ်မြို့စွာပြောတော့....

"လုပ်ပြန်ပြီ ကိုကိုကတော့ ဒေါနက အမြဲတမ်းကြီး သုံးဖြုန်းနေတာ မဟုတ်ပါဘူး အလုပ်မလုပ်ချင်လည်း ဘာဖြစ်လဲ အိမ်မှာ လူအကုန် အလုပ်လုပ်နေတာ သူ့တစ်ယောက်ထဲ မလုပ်လို့ ဘာအရေးလဲ.."

"ဟင် အဲ့ဒါဆို သူတသက်လုံး အဲ့ဒီလို အလေလိုက်နေရင် ညီက တသက်လုံး ရှာကျွေးဖို့ တွေးနေတာလား.."

စစ်နိုင်းပြောတော့ ရှင်းခန့်က သဘောကျသလို ခပ်ဟဟရယ်ကာ..

"ကျွေးမှာပေါ့ဗျာ ဒေါနက ကျွန်တော့် ညီလေးပဲကို.."

စစ်နိုင်းက မနိုင်ဘူးဆိုသော သဘောဖြင့် ခေါင်းခါယမ်းပြီးမှ....

"နွားနို့ သွားမှာပေးမယ် ခဏထိုင်ဦး..."

ပြောပြီးတာနှင့် ဆိုင်အနောက်သို့ ဝင်သွားလေ၏။ရှင်းခန့် စားပွဲဝိုင်းတစ်ခု၌ ဝင်ထိုင်ရင်း ထောင့်အကျဆုံး စားပွဲဝိုင်းမှာ ဒေါနကို ဆရာဝန်လေး တစ်ယောက်နှင့်အတူ မြင်လိုက်ရ၍ အံ့သြသွားသည်။ဒေါနက Gayဆိုတာ အိမ်မှာတော့ အားလုံးက လက်ခံထားပြီးသားပါပဲ။လက်ခံတာတော့ မဟုတ်ဘူး ဘယ်လိုပြောရမလဲ ဥပေက္ခာပြုထားကြတာဆို ပိုမှန်မလားပဲ။မေချို ပြောတာကတော့ အပြင်မှာ ကြိုက်သလိုနေ အိမ်အထိ ပါမလာရင် ပြီးရော တဲ့။

"ဘာတွေငေးနေတာလဲ ညီ ဒီမှာ နွားနို့ရပြီ ပူတုန်းလေး သောက်လိုက်.."

စစ်နိုင်း ပြောနေတာကို ရှင်းခန့်က အာရုံမရပါပဲ လျှောက်ထွက်လာသော ဒေါနတို့ စုံတွဲကိုသာ လိုက်ကြည့်နေ၍ စစ်နိုင်းလည်း လိုက်ကြည့်မိတော့ အံ့သြသွားရသည်။

!ညဖက်ကြီးလည်း လာတွေ့နေတာလား...!

စစ်နိုင်း တွေးရင်းဖြင့် ရှင်းခန့်အား ပြန်ကြည့်မိတော့ ရှင်းခန့်က ငေးနေတုန်းမလို့ စစ်နိုင်း သက်ပြင်းကို အသာရှိုက်ကာ...

"အခုမှ သိတာလား..."

"ဟင် ဘာကိုလဲ.."

ရှင်းခန့်က နားမလည်သလိုလေး ပြန်မေးတော့....

"ဒေါနက ဒီလိုမျိုး ယောကျ်ားလေးတွေနဲ့ တွဲတယ်ဆိုတာလေ.."

"အော် သိပါတယ် မချိုရော ဖေဖေရော သိပြီးသားပဲ..."

ရှင်းခန့်၏ စကားကြောင့် စစ်နိုင်း ထပ်မံအံ့သြသွားရသည်။အေးပေ့ါလေ သိပ်တော့လည်း အံ့သြစရာတော့ မရှိပါဘူး အန်ကယ်ရော အန်တီရောက ခေတ်မီကြတာပဲ။

"နို့က စစ်တယ် ထင်တယ် မလိုင်ဖတ်တွေ ခဲနေတာပဲ.."

"ဟုတ်တယ် ဒီဆိုင်က စစ်တယ်လေ..."

ရှင်းခန့်က စကားလမ်းကြောင်း လွှဲတော့ သူလည်း ခေါင်းစဉ်ပြန်ပြောင်းမိသည်။နှစ်ယောက်သား ထွေရာလေးပါ ပြောဆိုကြရင်း ဒေါတို့အတွဲ ဘယ်အချိန် ပြန်ထွက်သွားသလဲတောင် မသိလိုက်တော့။စကားခဏ ပြောပြီး ရှင်းခန့် ပြန်သွားတော့မှ စစ်နိုင်း မျက်နှာလေး ဘာလေးသစ်မလို့ စိတ်ကူးဖြင့် သန့်စင်ခန်းဖက် ထွက်ခဲ့လိုက်တော့သည်။အပေါ်မှာ ရှိသည့် ဆရာဝန်များ သီးသန့်သုံး သန့်စင်ခန်းအထိ မတက်တော့ပဲ အောက်မှာပဲ ကိစ္စရှင်းတော့မလို့ စိတ်ကူးနှင့် ဖြစ်သည်။

မျက်နှာသစ်ပြီးတော့ လူက အတော်လေး လန်းဆန်းသွားရသည်။ကိစ္စဝိစ္စပြီးလို့ သန့်စင်ခန်းထဲက ပြန်ထွက်မည်အပြု ခပ်ဟဟပွင့် နေသော သန့်စင်ခန်းတစ်ခု၏ တံခါးကြားမှ မြင်လိုက်ရသော ပူးကပ်နေသော အရိပ်နှစ်ခုကြောင့် စစ်နိုင်း မျက်မှောင်ကြုတ်သွားရတော့သည်။

"အ့...ဟ့.!.."

"အင့်...ဟင်း..!"

အသက်ရှူသံပြင်းပြင်းနှင့် ငြီးငြူသံ တချို့က ဘယ်အခြေအနေကို ဦးတည်

နေသလဲ ရိပ်စားမိလိုက်တော့ စစ်နိုင်း ဒေါသတို့ ထောင်းကနဲ ဖြစ်သွားရကာ သင့်တော်တာ မသင့်တော်တာကို မတွေးမိတော့ပဲ တံခါးအား ဝုန်းကနဲ ခြေကန်ဖွင့်ပစ်သည်။

"ဝုန်း..!.."

တံခါးက ရုတ်တရက်ကြီး ဝုန်းကနဲ ပွင့်သွားတော့ ပူးကပ်လုံးထွေးနေသော အရိပ်နှစ်ခု လန့်ဖျပ်၍ ခွာသွားရတော့သည်။အထဲမှာ အဝတ်တွေကို နေရာကျအောင် ဆွဲချုပြုပြင်နေသော နှစ်ယောက်ကို မြင်လိုက်ရတော့ စစ်နိုင်း အံ့ဩမိခြင်းနှင့်အတူ ဆောင့်တက်နေသော ဒေါသရေချိန်က နှစ်ဆ မြင့်သွားရ၏။

"ဒေါန...မင်း!.."

ဒေါသကြောင့် စကားလုံးတွေဟာ ထိုနေရာမှာတင် တစ်ဝက်တပြတ် ရပ်လေသည်။

!toiletထဲမှာတောင်မှ..ကျစ်! တကယ့်စရိုက်..!

စစ်နိုင်း အတွေးနှင့်အတူ တရိပ်ရိပ် တက်လာသော ဒေါသကြောင့် မျက်နှာကြီးရဲတက်ကာ မေးကြောကြီးများ ထောင်ထလာရတော့သည်။

"စီ စီနီယာ.."

စစ်နိုင်း၏ ဒေါသမျက်နှာထားနှင့် စူးရဲအေးစက်နေသော အကြည့်များကြောင့် အလုပ်သင်ဆရာဝန်လေးခမျာ တုန်တုန်ခိုက်ခိုက်ဖြင့် စကားတွေပါ ထစ်အနေတော့သည်။စစ်နိုင်း အံကိုတင်းကနဲ ကြိတ်ကာ သွားကြားမှ စိမ့်ထွက်လာသော လေသံဖြင့်....

"ငါ့ရုံးခန်းက သွားစောင့်နေ သွားတော့.."

"ဟုတ် ဟုတ်ကဲ့..."

စစ်နိုင်း၏ အမိန့်ရတာနှင့် ရဲဇင်က ကသောကမျော ခေါင်းညိတ်ကာ ဒေါနအား တချက်ကြည့်ပြီးမှ တိုးတိုက်ပြေးထွက်သွားတော့သည်။ဒေါန ကတော့ ထိမထင် မျက်နှာထားဖြင့် ပြိုကျလာသော ဆံပင်တွေကို နားရွက် နောက်သို့ သိမ်းဖယ်ကာ မျက်နှာလွှဲလေသည်။

စစ်နိုင်းကတော့ ဘာကိုမှ ပြောဆိုလိုခြင်း မရှိတော့ပဲ ဒေါန၏ တစ်ကိုယ် လုံးကိုသာ ရွံရှာဖွယ်ရာ အကြည့်များဖြင့် ခပ်စူးစူး ကြည့်ပြီးမှ နေရာမှ လှည့်ထွက်သည်။

"ကိုနိုင်း ခဏ.."

ဒေါနက လှည့်ထွက်သော စစ်နိုင်း၏ လက်အား နောက်မှ လှမ်းဆွဲတော့ စစ်နိုင်းက ရွံရှာစရာတစ်ခုကို ထိတွေ့မိသည့်အလား ဆတ်ကနဲ ခါထုတ်ပစ် သည်။

"ဟွန့်!..."

ဒေါနက လွတ်ထွက်သွားသော လက်ကို ပြန်ကြည့်ပြီးမှ ဟွန့်ကနဲ မဲ့ ပစ်သည်။ပြီးမှ စစ်နိုင်း၏ မျက်နှာရှေ့သို့ ထိုလက်ကို ထောင်ပြကာ....

"sorry! မရည်ရွယ်ပါဘူး.."

မရည်ရွယ်ဘူး ဘာကိုမရည်ရွယ်တာလဲ ခုနက toiletထဲက ကိစ္စကိုလား ဘယ်ကိစ္စကို မရည်ရွယ်နေတာလဲ....

"ခုနက သူက ပြန်ခိုင်းပါတယ် ကျွန်တော်က ဒီထဲကို အတင်းလိုက်ဝင်လာ ရင်း ဟွန့်! လက်လွန်ကြက်သွန်တွေ ဖြစ်ကုန်တာ အများကြီးတော့ မဟုတ် ပါဘူး နည်းနည်းပဲ...ကျွန်တော်တို့ oral sexလောက်ပဲ.."

"ဒေါန...!"

ဒေါန၏ စကားမဆုံးသေးပဲ စစ်နိုင်း ပေါက်ထွက်မတက် နီရဲနေသော

မျက်နှာဖြင့် ဖြတ်အော်ပစ်သည်။ဘယ်လောက်ပဲ ပွင့်လင်းခေတ်မီပါတယ် ပြောပြော ဒီကိစ္စကိုတော့ ထမင်းစားရေသောက် ပေါ့ပေါ့ပါးပါး ပြောဖို့အထိ တော့ မဟုတ်ဘူး။ပြီးတော့ ဒေါ်နနှင့်သူက ဒီလိုပြောလောက်စရာ ဆက်ဆံရေးမျိုးမဟုတ်။

!toiletထဲမှာ oralလောက်နဲ့ အားမရဘဲ ဒင်းက ဘယ်ကမ္ဘာအထိများ ခရီးဆန့်ချင်သေးလို့လဲ!

"ကျစ်! ဘာလို့ တအားအော်နေတာလဲ.."

ဒေါ်နက နားထဲသို့ လက်ထိုးပ်ိတ်ပြီးမှ ကျစ်ကနဲ စုတ်သပ်ရင်း ပြောသည်။ပြီးမှ....

"ပြောချင်တာက သူ့အမှား မဟုတ်ဘူး သူ့ကို တအားမဆူပါနဲ့လို့ bye! ကျွန်တော် သွားပြီ"

ပြောချင်တာပြောပြီး လှည့်ထွက်သွားတာကချာကနဲ။တစ်ချက်တောင် လှည့်မကြည့်သွား။စစ်နိုင်းမှာသာ ဒေါ်သတွေကို ဘယ်နေရာမှာ သွန်ချလို့ သွန်ချရမှန်း မသိပါပဲ ကျန်ခဲ့ရတော့သည်။

!သူ့အမှား မဟုတ်လို့ မဆူပါနဲ့!လို့ ရှေ့နေတောင် လိုက်သွားလိုက်သေးတယ်။

အတွေးနှင့်အတူ စစ်နိုင်း မေးကြောများ ထောင်ထသည့်အထိ အံကိုခပ်တင်းတင်း ကြိတ်မိတာ ဘယ်နှကြိမ်မြောက်မှန်း မသိတော့ချေ။

***

~~5~~

"ရှင်တစ်ယောက်ထဲ ဖြစ်ပ့ါမလား ကိုမင်းမောင်.."

"ဖြစ်ပါတယ် သွားရမဲ့ကိစ္စက မသွားလို့မှ မရဘဲ.."

ခင်ပွန်းဖြစ်သူ ပြောတော့ ဒေါ်ချိုမာဇင်က အလိုမကျစွာ မျက်ခုံးတို့ တွန့်ကုပ်သွားပြီးတော့မှ...

"ရှင့်ကိုယ်ရှင် အရင်လို ၁၆နှစ်ထင်မနေနဲ့ အခုမှ နေကောင်းခါစကို.."

ဦးမင်းမောင်က စိတ်က ဆောင်နေလို့သာ ဟိုအရင်တုန်းကလို ဖြိုးကနဲ ဖျတ်ကနဲ မော်ထဲဆင်းဖို့ဆိုတာ ၃ခေါက်ကြံမှ ၁ခေါက်လောက်သွားနိုင်တော့တာမျိုး။ရွှေတွင်းဆိုတာကလည်း က်ုိယ်တိုင်ကိုယ်ကျ ဆင်းမှ လိုက်မှ အဆင်ပြေတာမျိုး ဆိုတော့လည်း မသွားလို့ကမဖြစ်။

အခုလည်း ရွှေတွင်းထိဆင်းကာ ရွှေလိုက်ဖို့ကိစ္စဖြင့် ခရီးထွက်ရမှာကို ဒေါ်ချိုမာဇင် စိတ်မချနိုင် ဖြစ်နေတာဖြစ်သည်။

"ဘာမှမဖြစ်ပါဘူးကွာ မင်းက ပူတက်ရန်ကော..."

ဦးမင်းမောင်၏ စကားကြောင့် ဒေါ်ချိုမာဇင် သက်ပြင်းရှိုက်ပြီးတော့မှ ညစာကို တို့တို့တိတိဖြင့် စိတ်မပါလက်မပါ တာဝန်ဝတ္တရားအရ စားသောက်နေသော သားတော်မောင် ဒေါနအား ‌ေ၀့ကြည့်ပြီးမှ...

"ဒေါနကို ခေါ်ရင် ခေါ်သွားပါလား အခုတွဲလိုက်ပြီး သင်စရာရှိတာ သင်ထားတော့ ကောင်းတာပေ့ါ နောက်လည်း သူတို့ပဲ လုပ်ရမဲ့အလုပ်တွေပဲ"

ဒေါ်ချိုမာဇင်၏ စကားကြောင့် ဦးမင်းမောင်၏ မျက်ဝန်းများက ဒေါနဆီ

သို့ ဝေ့တက်လာပေမဲ့ ဒေါနကတော့ မျက်လွှာတောင် ပင့်တက်မလာပဲ ဖန်ခွက်ထဲမှ ရေကိုမော့ချပြီးတော့မှ....

"ကျွန်တော် မအားဘူး.."

ခပ်ပြတ်ပြတ် ထွက်လာသော လေသံကြောင့် ဒေါ်ချိုမာဇင် မျက်မှောင်တို့ တွန့်ချိုးသွားရပြီးမှ သက်ပြင်းကို အသာအယာချကာ..

"ဒါဆိုလည်း မင်းအန်ကယ်မရှိတုန်း အလုပ်တွေထဲ ဝင်ကူအုံး.."

မိခင်ဖြစ်သူ၏ စကားကြောင့် ဒေါန မျက်ခုံးတို့ တွန့်ကုပ်သွားကာ ကျစ်က နဲ မဲ့ပြီးတော့မှ လက်ထဲမှ ဇွန်းကိုချကာ

"ကျစ်! ကျွန်တော် မအားပါဘူးဆို အမေရာ"

စိတ်မရှည်သလို ပြောပြီးနေရာမှ ထရပ်သည်။

"ကျွန်တော် စားလို့ပြီးပြီ အရင်တက်နှင့်တော့မယ်..."

ပြောပြီးတာနှင့် နေရာမှ လှည့်ထွက်သွားတာ ဘယ်သူ့မျက်နှာမှ မကြည့်ပါဘဲ ချာကနဲ...

"ဟဲ့ ငါပြောလို့ မပြီးသေးဘူးလေ ဒေါန ဟဲ့..."

နောက်ပါးဆီမှ မိခင်၏ လွင့်ပျံလာသော အသံကို ဒေါနက အမှုမထား တော့ဘဲ အပေါ်ထပ်ရှိ မိမိအိပ်ခန်းဆီသို့သာ တက်ခဲ့လိုက်တော့သည်။

"အလုပ်အကြောင်း ပြောပြီဆို ဒီအတိုင်းချည်းပဲ မအားရအောင် ဘာ အလုပ်ကြီး အကိုင်ကြီးတွေများ လုပ်နေလို့လဲ သူက.."

ဒေါ်ချိုမာဇင် မကျေမလည် ရေရွတ်ရင်း လက်ထဲမှ ဇွန်းကို ခပ်ဆောင့် ဆောင့်ချတော့...

"နေပါစေ မေချိုရယ် ဖေဖေသွားတဲ့အခါ ကျွန်တော်ပဲ စက်ထဲ ပြေးကြည့် ပေးပါ့မယ်.."

ရှင်းခန့်က ပြေရာပြေကြောင်း ဝင်ပြောတော့ ဒေါ်ချိုမာဇင် နှုတ်ဆိတ်လိုက်ရတော့သည်။ဘာကြောင့်များ ဒီစီးပွားရေးကို စိတ်ဝင်စားမှု မရှိသလဲ နားကိုမလည်။ဒါဆို တခြားစီးပွားရေးများ လုပ်ချင်သလားဆိုတော့လည်း ဒေါနတို့က မဟုတ်ပြန်။ဘာဖြစ်ချင်နေမှန်းကို မသိတာ။

ကိုယ်မွေးထားတဲ့ သားသမီးပဲ ပေါက်ပေါက်မြောက်မြောက် ဖြစ်စေချင်တာ မိဘတိုင်းမှာရှိတဲ့အတ္တမဟုတ်လား။အခုဆို ရှင်းခန့်ကတောင် ဆိုင်ခွဲတစ်ခုလုံးကို နိုင်နိုင်နင်းနင်း ဦးစီးနိုင်နေပြီ။ဒေါနကတော့ အခုအချိန်အထိ ဝေလို့လေလို့ ကောင်းနေဆဲ။၁၀တန်းကို နှစ်ခါ ဖြေပြီးမှ အောင်သလို တက္ကသိုလ်တက်တော့လည်း ဒုတိယနှစ်မှာကျလိုက် တတိယနှစ်ကို မဖြေဖြစ်လိုက်ဖြင့် ဘွဲ့ရတော့ ၂၃နှစ်ရှိပြီ။အခုဆို ၂၄ကျော်လို့ အစိတ်ထဲပဲ ဝင်နေပြီ အလုပ်အကိုင် တစ်ခုကို မယ်မယ်ရရ ဖောက်ချမလုပ်ချင်ဘဲ ရည်းစားထားတမ်းကို ကစားလို့ မဝနိုင်တာ။ဒေါ်ချိုမာဇင် အလိုမကျစရာတွေချည်း တန်းစီတွေးနေရင်း စားနေတဲ့ ထမင်းကိုတောင် ပါးစပ်ထဲ အရသာခံလို့ မထိတော့ဘဲ တို့တို့တိတိဖြင့်သာ စားသောက်ခြင်းအမှုကပြီးဆုံးလေသည်။

.

.

.

"ဒေါက်! ဒေါက်! ဒေါက်!"

"ဒေါန အမေ ဝင်ခဲ့ပြီနော်.."

ဒေါ်ချိုမာဇင် အသံပြုရင်း စေ့ထားသော တံခါးအား တွန်းဖွင့်ဝင်ခဲ့တော့ တစ်ခန်းလုံးမှောင်မဲနေကာ ဆေးလိပ်နံ့ွေ မွှန်ထူနေတာမလို့ နှာခေါင်း

ကိုပါ ယောင်ယမ်းပိတ်မိသည့်အထိ။နံရံရှိ မီးခလုတ်ကို စမ်းဖွင့်လိုက်တော့ အခန်းထဲ မီးရောင်ကဖွေးသွားသည်။ဒေါနအခန်း၏ အပြင်ဖက်မှာ မှန်တံခါးဖြင့် ကန့်ကာထုတ်ထားသော ဝရန်တာ အသေးစားလေး ရှိတာမလို့ ဒေါနက ထိုမှန်တံခါးအား ကျောမှီကာ ပေါင်ပေါ် laptopကြီးတင်လျှက် ဆေးလိပ်ထိုင် သောက်နေလေသည်။

အသက်အစိတ် ပြည့်ခါနီး သားယောက်ျားလေး တစ်ယောက်ကို ဘာလို့ ဆေးလိပ် သောက်နေရသလဲလို့ ဆွဲလွဲရိုက်ပုတ် ထုထောင်းပစ်ဖို့ ဆိုတာကလည်း နည်းလမ်းမှ မကျတာပဲ။ဆယ်ကျော်သက် အရွယ်တုန်းက သားကို စည်းကမ်းတွေ ကန့်သတ်ချက်တွေဖြင့် ဆုံးမခဲ့ဖူးသလား ပြန်တွေးကြည့်တော့လည်း မသေချာ။ခင်ပွန်းဖြစ်သူနှင့် ဒိုးတူပေါင်ဖက် ရင်ဘောင်တန်းကာ စီးပွားရေးနောက်သို့ လိုက်နေခဲ့ရင်း ဒီသားတစ်ယောက်ကို အချိန်မပေးဖြစ်ခဲ့။ဒေါန ဘာတွေတွေးနေသလဲ သူမ တကယ်ကို နားမလည်ခဲ့ဖူးတာ ဝန်ခံပါသည်။

"အလုပ်ကိစ္စပြောမှာဆို ပြန်လိုက်ပါတော့.."

ဒေါနက ဆေးလိပ်ကို နှုတ်ခမ်းမှာခဲထားရင်းဖြင့် မိခင်ဖြစ်သူအား မျက်လွှာတချက် ပင့်မကြည့်ပဲပြောသည်။ဒေါ်ချိုမာဇင်၏ မျက်ခုံးတို့ အလိုမကျစွာ တွန့်ကွေးသွားရပြီးမှ ကုတင်အစွန်း၌ အသာအယာ ဝင်ထိုင်ကာ...

"ဘာများပြောရသေးလို့ ဇွတ်ကိုကန်နေရတာလဲ.."

ဒေါ်ချိုမာဇင် ပြောတော့ ဒေါနက နှုတ်ခမ်းမှ စီးကရက်အား ဖယ်ထုတ်ကာ အခင်းကြွေပြားပေါ် ထိုးချေပစ်ပြီးတော့မှ..

"အမေ ထပ်ပြောလာမှာ သိနေလို့ ကျွန်တော့်ဖက်က လိုက်လျောဖို့ မရှိတဲ့ အကြောင်းကို ပြောပြနေတာ.."

သားအမိချင်းတောင်မှ ဒေါ်နတို့ လေသံက ခပ်ရင့်ရင့်။

"လိုက်လျောဖို့ မရှိရအောင် ဥပဒေနဲ့ မလွတ်ကင်းတာတွေ လုပ်ခိုင်းနေတာ မဟုတ်ဘူး ဒေါ်န ငါတို့က အသက်ကြီးပါပြီ နောင်တစ်ချိန် ဒီလုပ်ငန်းတွေကို နင်တို့လက်နင်တို့ခြေနဲ့ ဦးစီးကြရမှာ အခုအသက် အစိတ်ပဲပြည့်တော့မယ် ဒီအချိန်မှ ဒီအလုပ်တွေကို စိတ်ဝင်စားမှု မရှိသေးရင် နင် ဘာလုပ်မှာလဲ.."

"ဒီအလုပ်တွေ လုပ်ပါ့မယ်လို့ အမေ့ကို ကျွန်တော်အာမခံခဲ့ဖူးလို့လား.."

"ဒေါ်န...!"

ဒေါ်ချိုမာဇင် ခပ်ကြိတ်ကြိတ် ဆောင့်အော်တော့ ဒေါ်နက မျက်လွှာတချက် ပင့်ကြည့်လာပြီးမှ....

"ပြောပြတာပါ..."

ပြောပြီးမှ ပေါင်ပေါ်မှ Laptopကို ပိတ်ချကာ....

"သူများမကြည်ဖြူတဲ့ နေရာကို အတင်းဝင်ယူရအောင် ကျွန်တော် အဲ့ဒီလောက် သိက္ခာမမဲ့ဘူး အမေ.."

"ဘာရယ်!.."

ဒေါ်န၏ စကားကြောင့် ဒေါ်ချိုမာဇင် နှုတ်ခမ်းလွှာတွေ ပွင့်ဟသွားသည့်အထိ အံ့သြသွားရပြီးတော့မှ...

"ဘယ်သူက မကြည်ဖြူနေလို့လဲ ပြောပါဦး သားသမီးကို မကြည်ဖြူတဲ့ မိဘဘယ်မှာများ ရှိလို့လဲ ပြီးတော့ နေရာဆို ကိုယ်တိုင်က ယူတက်မှ ဒီနေရာက ကိုယ်နဲ့ထိုက်တန်မှန်း သိရင် အလိုလို ကြည်ဖြူလာကြမှာပဲ"

မိခင်ဖြစ်သူ၏ စကားကြောင့် ဒေါ်န၏ နှုတ်ခမ်းတို့ ပြုံးသလို မဲ့သလို တွန့်ကွေးသွားရပြီးမှ....

"ကြည်ဖြူလာကြမဲ့အထဲ အမေ့ယောက်ျားနဲ့ ဝမ်းမနာသားကတော့ မပါလောက်ဘူး...ဟွန်း!"

"မဟုတ်တာတွေ..."

ဒေါ်နု၏ စကားကို ဒေါ်ချိုမာဇင်က လက်မခံနိုင်သလို ရေရွတ်တော့...

"ဟုတ်လား မဟုတ်လားမသိပေမဲ့ နေရာဝင်ယူမှာစိုးလို့ စိုးရိမ်စိတ်တွေနဲ့ တဖျတ်ဖျတ်လက်နေတဲ့ မျက်လုံးတွေကို ကျွန်တော်တော့ စိတ်ကုန်နေပြီ.."

ပြောရင်းဖြင့် ဒေါ်နုက မီးသေနေသော ဆေးလိပ်ကို နှုတ်ခမ်းနားတေ့၍ မီးညှိကာ တချက်ရှိုက်ပြီးမှ ဝရန်တာဖက်သို့ လျှောက်ထွက်သွားပြီး....

"ကျွန်တော့်ဖာသာ လွတ်လွတ်ကင်းကင်း နေပါရစေ အမေ.."

ဒေါ်နုပြောတော့ ဒေါ်ချိုမာဇင်က အလိုမကျစွာ ခေါင်းယမ်းပြီးမှ...

"နေလို့မရဘူး သား တကယ်ဆို ဒီစည်းစိမ်တွေက သားနဲ့ တစ်ဝက်ဆိုင်တယ်.."

ပြောရင်းဖြင့် ဒေါ်ချိုမာဇင်က ဒေါ်နုရှိရာ ဝရန်တာဆီသို့ လျှောက်ထွက်လာရင်းဖြင့် ဘေး၌ယှဉ်ရပ်ကာ...

"တကယ်ဆို ကိုမင်းမောင်နဲ့ အမေနဲ့လက်ထပ်ဖြစ်ခဲ့တာ စီးပွားရေးအရ အကျိုးတူပူးပေါင်း ခဲ့ကြတာဆိုရင်လည်း မှန်တယ် သား သူတစ်ကျပ်ရှာထားတာကို နှစ်ကျပ်ဖြစ်အောင် အမေလည်း ကြိုးပမ်းခဲ့ရတာပဲ ဆိုင်ခွဲတွေ တစ်ဆိုင်ပြီးတစ်ဆိုင် ဖြစ်လာတယ်ဆိုတာ အမေကြိုးစားခဲ့လို့ တိုးပွားလာတာတွေပါ ကိုမင်းမောင် ရှေ့ထွက်ရှာနေသမျှ အနောက်မှာ အမေက အပင်ပန်းခံ ထိန်းသိမ်းထားရတာတွေပါ"

ဟုတ်တော့လည်း ဟုတ်သည်။ချိုမာဇင်တို့ အဘိုးအဘွားတွေက ရွှေတွင်းအလုပ်သမားတွေ ဖြစ်သည်။ထိုမှတဆင့် ဖခင်လက်ထက်ရောက်တော့ ရွှေ

အရိုင်းတုံးတွေကို ကုန်သည်လုပ်သည်။ဒေါနအဖေကလည်း ဒီလုပ်ငန်းကိုပဲ လုပ်ကိုင်ခဲ့တော့ ချိုမာဇင်အတွက် ရွှေလုပ်ငန်းဆိုတာ အူမချေးခါးမကျန် အကုန်နားလည် တက်ကျွမ်းနေခဲ့တာ။ထို့ကြောင့်လည်း ဦးမင်းမောင်နှင့် လက်ထပ်ပြီးချိန်မှာ စီးပွားရေးက ဒီရေအလား တိုးပွားခဲ့ရတာ မဟုတ်လား။

ဒေါနက ဆေးလိပ်ငွေ့များအား မှုတ်ထုတ်လိုက်ပြီးမှ...

"အခုအချိန်ထိတော့ ကျွန်တော် စိတ်မဝင်စားသေးဘူး.."

ဒေါန၏ စကားကြောင့် ဒေါ်ချိုမာဇင်က သက်ပြင်းအား အသာရှိုက်ပြီးမှ ဒေါန၏ ပခုံးအား ခပ်ဖွဖွ ပုတ်ရင်းဖြင့်...

"ဘာပဲဖြစ်ဖြစ် သား စိတ်မဝင်စားလည်း ဒီနေရာက သားရဲ့နေရာပဲ သူများကြည်ဖြူမှ ယူရမဲ့နေရာ မဟုတ်ဘူးဆိုတာ သိထားရင်ပဲ လုံလောက်ပါပြီ အတွေးတွေ ချော်ပြီး ဘေးထွက်မနေဖို့ပဲ အမေမျှော်လင့်တယ်.."

မိခင်ဖြစ်သူ၏ စကားကို ဒေါနက ခေါင်းညိတ်တာလည်း မဟုတ် ခေါင်းခါတာလည်း မဟုတ်ဘဲ ရှိနေဆဲ ဖုန်းသံက ဆူညံစွာ ထမြည်လာလေသည်။

"Hello..ကိုရဲ"

"....."

"အာ..အမေနဲ့ စကားပြောနေလို့ လိုင်းoutလိုက်တာ.."

"......"

"မဟုတ်တာတွေကွာ ကျစ်! ကျွန်တော့်ကို မရစ်စမ်းပါနဲ့ ရန်မဖြစ်ချင်ဘူး.."

ဒေါနက စိတ်ရှုပ်သလို ဆံပင်တွေကို ဆွဲဖွရင်း ခပ်ဆတ်ဆတ်ပြောလေတော့ ဒေါ်ချိုမာဇင် ခေါင်းကိုသာခါးယမ်းမိရင်း ထွက်လာခဲ့လိုက်

တော့သည်။သားသမီးက Gayသွားလို့ ပျော်နိုင်တဲ့ မိဘဘယ်မှာရှိလို့လဲ။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို အခြေတကျလေး ဖြစ်စေချင်တာပဲ။ ယောကျ်ားပဲယူယူ မိန်းမပဲယူယူ တည်တည်ငြိမ်ငြိမ်လေးဆို ဖြေသာ သေးတာ။အခုတော့ ဒေါနတို့က ရည်းစားတွေတော့ ထားနေပါရဲ့။နှစ်ခါ ထက်ပိုတွဲတာမျိုး မမြင်ဖူးသေး။ဒီနေ့တစ်ယောက်နဲ့ တွေ့မိရင် နောက်နေ့ နောက်တစ်ယောက်ဆိုတာမျိုး။ဒေါနအကြောင်း ခေါင်းထဲရောက်လာတာနှ င့် အလိုမကျရတဲ့ စိတ်တွေကသာ စီတန်းထွက်ပေါ်လာသည်။ဒီ အသက်အရွယ် ရောက်ခါမှ ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့လို့ ဘယ်လို စည်းကမ်းကလနား ချမှတ်ပေးလို့ ရအုံးမှာတဲ့လည်း။

.

.

.

"ကျစ်! ဘာလဲကွာ လမ်းကိုပိတ်ထားတာ…"

!ပွမ် ပွမ် ပွမ်..!"

လမ်းမကြီးအတိုင်း မလာပဲ night dutyဝင်ရန် ဆေးရုံသို့ အမြန်ရောက် ချင်လို့ လမ်းသွယ်လေးမှ ဖြတ်တက်ခါမှ လမ်းသွယ်ထဲမှာ ပိတ်၍ ရန်ဖြစ် နေသော လူငယ်အုပ်စုနှင့် တိုးတာကြောင့် စစ်နိုင်း စိတ်ပျက်လက်ပျက် ဖြစ် သွားရသည်။ကားဟွန်းသံ ပေးတာတောင်မှ သဲကြီးမဲကြီးဖြင့် အငြိုးကြီးနေ ကြဆဲ။စစ်နိုင်း ကားကို ဘက်ခ်ပြန်ဆုတ်ကာ ပြန်ထွက်ဖို့ ဆုံးဖြတ်လိုက်စ ဥ္မှာပဲ ဘယ်သူ ပစ်လိုက်မှန်းမသိတဲ့ အုတ်ခဲကျိုးတစ်ခုက ဘက်ခ်မှန်ကို လာထိတာ ခွမ်းကနဲ။

"ဟာ…ဒီကောင်တွေ တောက်!.."

ပထမကတော့ ကိုယ်နှင့်မဆိုင်တာမို့ လှည့်ထွက်သွားဖို့ စိတ်ကူးနှင့်။အခုတော့ ကိုယ့်ကားကို ထိသွားပြီမို့ ဒေါသတွေက ထိန်းမရသိမ်းမရ အလုံးအရင်းဖြင့် ဆောင့်တက်လာပြီး လက်က ရဲစခန်းကို ဖုန်းခေါ်ပြီးသား ဖြစ်နေလေသည်။

!ဘယ်က မိမဆုံးမ ဖမဆုံးမ သားသမီးတွေ လမ်းထဲပိတ်ပြီး ရန်လာဖြစ်နေလဲ မသိ..!

စခန်းကို နေရာအတိအကျ သတင်းပို့ပြီး ရန်ပွဲထဲ ပြန်ကြည့်မိတော့ ကော်ဖီညိုရောင် လှိုင်းတွန့်ဆံနွယ်တွေ ဝဲခါနေသော မျက်နှာတစ်ခုကို တွေ့လိုက်ရတာကြောင့်...

"ဒေါ်န.."

နှုတ်မှ အသံထွက်ရေရွတ်မိရင်း လူက ကားအောက်ကို ဘယ်လိုဘယ်လိုရောက်သွားမိမှန်းမသိ။

"ဟေ့ ဟေ့ ဟျောင့်တွေ တော်ကြစမ်း.."

ဒေါ်နကို အနောက်ကတစ်ယောက်က ချုပ်ထားရင်း ရှေ့ကတစ်ယောက်က ထိုးကြိတ်နေတာ မြင်လိုက်ရတော့ စစ်နိုင်း အော်ဟစ်ရင်း ရန်ပွဲထဲ ပြေးဝင်သွားမိတာ ကိုယ့်ကိုထိခိုက်မလား ဘာလားတောင် စဉ်းစားချိန်မရလိုက်။စစ်နိုင်း ပြေးဝင်လိုက်တာ မြင်တော့ ဒေါ်နက အနောက်ကချုပ်ထားတာကို အားပြုရင်း အရှေ့မှလူအား ခြေစုံကန်ပစ်သည်။ပြီးမှ ချုပ်ထားသောသူအား တံတောင်ဖြင့် တွက်ကာ ရုန်းထွက်ပစ်တာ လျှပ်တပြက်အတွင်း။ ရန်ပွဲကြားထဲ ရောက်သွားရင်း လူတွေ ရှုပ်ထွေးကုန်ကာ စစ်နိုင်း၏ အာရုံက ဒေါ်နဆီမှာသာ။ဒေါ်န၏ လက်အားဆွဲရင်း ရန်ပွဲထဲက ဆွဲထုတ်ဖို့ ကြိုးစားနေဆဲ ကျောပြင်သို့ အရှိန်ဖြင့်ဝင်လာသော ခြေကန်ချက်ကြောင့် စစ်နိုင်း ရှေ့သို့ ငိုက်ကျသွားရတော့သည်။

"ကိုနိုင်း..!"

ငိုက်ကျလာသော စစ်နိုင်း၏ ကိုယ်အား ဒေါနက ဖမ်းထိန်းပေးလိုက်ပြီးမှ နောက်ကျောသို့ တွန်းပို့ကာ...

"ဟာကွာ တောက်! ငါ့ိုးမသား လာစမ်း မင်း လာ မင်းလာခဲ့.."

စစ်နိုင်းကို ကျောဖက်ပို့ပြီးတာနှင့် ထိုလူဆီသို့ တည့်တည့်ပြေးဝင်ကာ မျက်နှာကို တည်ပြီးထိုးချသည်။ထိုမျှနှင့် အားမရဘဲ ရင်ဘတ်ပေါ် ခွထိုင်ကာ စိတ်ရှိလက်ရှိမဲပြီး ထိုးနေတာ ဖွဲ့အိတ်ကြီးကို ထိုးနေသည့်အလား။ အရှေ့ကို မဲနေတော့ အနောက်မှ တုတ်ပိုင်းကို ဆွဲကာ ပြေးဝင်လာသော အန္တရာယ်ကို ဒေါနတို့ သတိမမူမိ။စစ်နိုင်း မထူးတော့ပဲ အနီးမှာကျနေသော ဘော့ဘောစ်တုတ်အား ဆွဲယူကာ ပြေးဝင်ရိုက်ရခြင်းသို့ ရောက်သည်။

"ကိုနိုင်း နောက်မှာ...အား!.."

နောက်ကွယ်မှ သတိပေးသံနှင့်အတူ နာကျင်မှုကြောင့် အော်ညည်းသံက တစ်ထပ်တည်း...

"ဟာ...ဟျောင့်တွေ ဒေါနထိသွားပြီ ငါ့ိုးမသားတွေ ဓားပါတယ်ကွ မင်း မေ့ိုး.."

စစ်နိုင်းလှည့်ကြည့်မိတော့ ခါးစောင်းကိုဖိကာ ရှုံ့မဲ့နေသော ဒေါနအား တွေ့လိုက်ရတာမလို့ မျက်လုံးတွေ ပြာသွားရတဲ့အထိ စိုးရိမ်စိတ်က ငယ်ထိပ်သို့ တက်ဆောင့်သည်။လက်ထဲမှ တုတ်ကို ပစ်ချကာ ဒေါန၏ကိုယ်အား ပြေးပွေ့မိတော့ ခါးစောင်းမှာ သွေးတွေရဲနေတာ တွေ့လိုက်ရတော့သည်။လူသံသူသံတွေရော ကားသံတွေပါ ရုတ်တရက် ဆူညံသွားကာ ဓားဖြင့်ထိုးတဲ့အဖွဲ့က ထွက်ပြေးသွားသည်ထင်။ဒေါနတို့အဖွဲ့မှ နှစ်ယောက်သုံးယောက်ကလည်း ပြေးလိုက်ကာ အုတ်ခဲကျိုးများဖြင့် မောင်းပြေးသော

ကားများအား လိုက်ထုနေသေးသည်။

"သွေးတွေ အရမ်းထွက်နေပြီ ဆေးရုံ ပို့မှရမယ်...."

ဘယ်သူက ဆော်ဩလိုက်မှန်းတော့ မသိပေမဲ့ စစ်နိုင်းက ဒေါနေ၏ ပိန်သွယ်သွယ် ကိုယ်အား ကောက်ပွေ့ကာ ကားဆီသို့ပြေးလေတော့သည်။ ဒေါနကတော့ မျက်နှာမှာ ချွေးသီးချွေးပေါက်များဖြင့် နှုတ်ခမ်းများပင် ဖြူဖျော့လာနေပြီ ဖြစ်လေသည်။

.

.

.

"ဘယ်လိုဖြစ်ကြတာလဲ ကိုနိုင်း အခုရော ဘယ်လိုလဲဟင်..."

ဆေးရုံ၏ အထူးသီးသန့်ခန်းထဲ ပြေးဝင်လာရင်း ဒေါ်ချိုမာဇင်က အမောတကော မေးသည်။လက်ထဲမှ လက်ပွေ့အိတ်အား စိတ်မရှည်စွာ ဖြုတ်ချရင်း ကုတင်ဘေးမှ စားပွဲပေါ်သို့ ပစ်တင်သည်။စစ်နိုင်းက ဆေးအရှိန်ကြောင့် အိပ်ပျော်နေသော ဒေါနအား တချက်ကြည့်ပြီးတော့မှ...

"မစိုးရိမ်ရတော့ပါဘူး အန်တီချို ဆေးရှိန်နဲ့ အိပ်ပျော်နေတာပါ.."

ထိုအခါမှ ဒေါ်ချိုမာဇင်က သက်ပြင်းချလေသည်။ပြီးမှ အခန်းထောင့် ခုံတန်းပေါ် ကုပ်ကုပ်လေး ထိုင်နေသော ကောင်လေး၃ယောက်ဆီသို့ အကြည့်စူးစူးများ ပို့၍....

"ဒီလောက်အထိတောင် တုတ်ဆွဲ ဓားဆွဲနဲ့ ဘယ်လိုဖြစ်ကြတာလဲ"

ဒေါ်ချိုမာဇင်၏ ဒေါသသံပါးပါးကြောင့် ခေါင်းလေးတွေ အလျှိုအလျှိုငုံ့ကျသွားပြီးမှ ဆံပင်ကို ငွေမှင်ရောင် လိုင်းဖောက်ထားသော ကောင်လေးက ခေါင်းမော့လာကာ...

"ကျွန်တော့်စော်ရဲ့ ဇယားတွေပါ အဲ့ဒါ စကားများကြရင် ငြိကြတာ.."

စော်ကိစ္စနဲ့များ တုတ်ဆွဲခားဆွဲ ဖြစ်ရတယ်လို့.....

ထိုကောင်လေးက ဒေါ်ချိုမာဇင်၏ မျက်ဝန်းထဲက စကားများကို နားလည်နေသည့်အလား....

"ကျွန်တော်တို့ဖက်က ရှောင်ပါတယ် အန်တီ ပြီးတော့ ကျွန်တော်လည်း အဲ့စော်နဲ့က ဇာတ်လမ်းဖြတ်ပြီးသားပါ အဲ့ဒါကို ဒီကောင်တွေက သပ်သပ်လိုက်ချိတ်တာ ဒေါနနဲ့ ငြိထားဖူးတယ်လို့လည်း ပြောတယ်.."

"ဘယ်လိုပဲချိတ်ချိတ်လေ နင်တို့ ဒီအသက်အရွယ်အထိ ရန်ဖြစ်အလေလိုက်လို့ ကောင်းကြတုန်းလား.."

ဒေါ်ချိုမာဇင် စိတ်ပျက်စွာ ပြောဆိုပြီးမှ စစ်နိုင်းဖက်သို့ လှည့်ကာ...

"အစစအရာရာ အတွက်ကျေးဇူးပါ သားရယ် တော်သေးတာပေါ့ သားနဲ့ဆုံမိလို့ သားနဲ့သာ မဆုံမိရင် ဘာတွေဖြစ်သွားမလဲ မတွေးရဲစရာပဲ.."

"ရပါတယ် အန်တီ ကျေးဇူးတင်ဖို့ မလိုပါဘူး မိသားစုတွေလို့ နေကြတာပဲကို.."

"ဆရာ ဒီမှာ နွားနို့ရပြီ.."

"ကျေးဇူး..."

စစ်နိုင်းက နာစ့်လေး လာပေးသော နွားနို့ကို လှမ်းယူလိုက်တော့

"ဒေါနအတွက် သား သွေးလှူလိုက်တာလား"

ဒေါ်ချိုမာဇင်က ကျေးဇူးတင်သော မျက်ဝန်းများဖြင့် မေးလာတာကြောင့် စစ်နိုင်း အနေခက်လှစွာ ခေါင်းညိတ်ပြရင်း...

"ဟုတ်ကဲ့ အန်တီ ဒေါနသွေးအုပ်စုက ရတ်တရက် ရှာဖို့မလွယ်လို့လေ ကျွန်တော်နဲ့ တိုက်တိုက်ဆိုင်ဆိုင် တူနေတော့ ကံကောင်းသွားတာပေါ့..."

ဒေါ်ချိုမာဇင်က ခေါင်းကိုသာ အသာအယာ ငြိမ့်ပြရင်း လူနာကုတင်ဘေးတိုးကပ်ထိုင်ကာ ဒေါ်နန၏ နဖူး၌ စို့နေသော ချွေးစလေးများအား တို့သုတ်ပေးနေလေတော့သည်။

"ကိုကို သွေးလှူထားတာဆိုတော့ အိမ်ပြန်နားလိုက်ပါလား..."

ရှင်းခန့်က နံဘေးသို့ကပ်လာကာ ခပ်တိုးတိုးပြောတော့ စစ်နိုင်းက ခေါင်းကိုခါယမ်းပြကာ...

"ရတယ်ညီ ကိုယ်အဆင်ပြေပါတယ်.."

ပြောရင်းဖြင့် စစ်နိုင်းက လက်မှနာရီကို ပင့်ကြည့်ပြီးမှ....

"၁၀နာရီကျော်ပြီ ညီရော မပြန်သေးဘူးလား..."

စစ်နိုင်းပြောတော့ ရှင်းခန့်က ခေါင်းခါပြကာ....

"ကျွန်တော် စောင့်အိပ်မယ်လေ မေချိုက လူကြီးဆိုတော့ ပြန်နားပါစေ အိမ်မှာလည်း ဖေဖေမရှိတော့ မနက်ဆို ဆိုင်ပြေးရမှာနဲ့ ညဖက်ပါ လူနာစောင့်နေရရင် အဆင်ပြေမှာ မဟုတ်ဘူး.."

အရာရာတိုင်းမှာ သူများအတွက်ပဲ ရှေ့တန်းတင် တွေးပေးတက်တဲ့ ရှင်းခန့်အား စစ်နိုင်း စိတ်မသက်သာစွာသာ ကြည့်မိတော့သည်။သူများကိုသာ ပူပင်နေတာ သူကျတော့ရော ဖြူဖျော့ဖျော့နဲ့ ငယ်စဉ်ထဲက ခြူချာလွန်းလို့ အရိပ်လို ကြည့်နေရတာကို။အခု အရွယ်လေးရလာမှသာ ဆေးရုံဆေးခန်းနဲ့ အဆက်ပြတ်တာကိုများ။နောက်ဆုံးတော့ ည၁၁လောက်မှ ဒေါ်ချိုမာဇင်က ဒေါ်နန၏ သူငယ်ချင်း၂ယောက်နှင့်အတူ ပြန်သွားတော့သည်။ငွေမှင်ရောင်ဆံပင်နှင့် ဖွဲထူးဆိုသည့် ကောင်လေးကတော့ ရှင်းခန့်နှင့်အတူ လူနာစောင့်မည်ဟုဆိုကာ ကျန်ခဲ့လေတော့သည်။

"တစ်ခုခုဆို ကိုယ့်ကို ဖုန်းဆက်နော် ညီ..."

"စိတ်ချပါ ကိုကိုရဲ့ ဘာမှမဖြစ်ပါဘူး အခြေအနေက စိတ်ချရနေပြီပဲ.."

ရှင်းခန့်က ကုတင်ပေါ် အေးချမ်းစွာ အိပ်မောကျနေသော ဒေါနအား တချက်ကြည့်ပြီးမှ ပြောလေတော့ စစ်နိုင်းက နှာခေါင်းရှုံ့ကာဖြင့်...

"အဲ့ဒီကောင်ကို ပူမနေဘူး ညီပင်ပန်းမှာစိုးလို့ ပြောနေတာ လူက ဖြူဖျော့ဖျော့နဲ့.."

စစ်နိုင်က ရှင်းခန့်၏ နဖူးလေးအား လှမ်းတောက်ကာ ပြောလေတော့ ရှင်းခန့်က သူ့မူပိုင် အပြုံးနွေးနွေးဖြင့်...

"ကျွန်တော်က ဒီလိုပဲကို..."

"ဒီလိုပဲ လုပ်မနေနဲ့ ခဏနေ နွားနို့ပို့ခိုင်းလိုက်မယ် သောက်လိုက်အုံး.."

"ဟုတ်ကဲ့..."

စစ်နိုင်း၏ စကားကို ရှင်းခန့်က လိမ်လိမ်မာမာလေး ခေါင်းညိတ်ပြတော့ စစ်နိုင်းက သဘောတကျပြုံးကာ ရှင်းခန့်၏ ဆံနွယ်လေးများအား ဖွပစ်မလို့ စိတ်ကူးဖြင့် လက်မြှောက်လိုက်တော့ လက်ပြင်တစ်လျှောက် စူးအောင့်တက်လာရတာကြောင့်...

"အ့!.."

"ဟင် ဘာဖြစ်တာလဲ ကိုကို.."

!ဘာဖြစ်ရမလဲ ဒေါနပေးတဲ့ ဒဏ်ရာတွေပေ့ါ။ဒီကောင်ဟာ ဆုံလိုက်မိတ်ို င်း ကောင်းကျိုးကို မပေးတာ..!

စစ်နိုင်း စိတ်အတွင်းမှ ရေရွတ်ပြီးတော့မှ...

"ခုနက တစ်ချက်ထိသွားတာ.."

စစ်နိုင်း၏ စကားကြောင့် ရှင်းခန့်မျက်ဝန်းတွေထဲ စိုးရိမ်စိတ်တွေ ဖြတ်ပြေးသွားရပြီးမှ...

"ဟာ..အဲ့ဒါဆို ကြည့်ရအောင်လေ ဆေးလိမ်းသင့်လိမ်းရအောင်.."

ရှင်းခန့်၏ စကားကြောင့် စစ်နိုင်း ရှပ်အင်္ကျီကို ချွတ်ပစ်ပြီးမှ ဖွဲ့ထူးအား လိမ်းရန်ဆေးကို ရေးပေးပြီး ဆေးကောင်တာသို့ ပြေးခိုင်းရလေတော့သည်။

"ကြည့်ပါအုံး လက်ပြင်ကြီး ရောင်နေတယ် ကိုကိုရဲ့ ဘာနဲ့ထိသွားတာလဲ.."

"မသိပါဘူး ခြေကန်ချက်က တစ်ချက်ထိတယ် တုတ်နဲ့လည်း ထိသေးတယ် ထင်တယ် အခြေအနေက ရှုပ်ယှက်ခတ်နေတော့ ဘာနဲ့ထိလို့ ထိမှန်းတောင် မသိလိုက်ဘူး.."

စစ်နိုင်း၏ စကားကြောင့် ရှင်းခန့် သက်ပြင်းကို အသာချကာဖြင့်..

"ဖြစ်ရမယ်..."

ဖွဲ့ထူး ပြန်ရောက်လာတော့ ရှင်းခန့်က စစ်နိုင်း၏ လက်ပြင်တစ်လျှောက် ဖွဖွလေး ဆေးလိမ်းပေးတော့ နူးညံ့သော လက်ချောင်းလေးများ၏ အထိအတွေ့ကြောင့် စစ်နိုင်းရင်ထဲ ယားကျိကျိဖြစ်လာရသည်။ရှင်းခန့်က မိခင်ဖြစ်သူ ဒေါ်ဝေဝေမြင့်အတိုင်း လူလေးရော စိတ်ထားလေးရော နူးညံ့နွေးထွေးလွန်းတဲ့ ကောင်လေးဖြစ်လေသည်။ခြေချောင်း လက်ချောင်းလေးတွေကအစ သွယ်သွယ်လျလျ နူးနူးညံ့ညံ့လေး ဖြစ်လေသည်။

"ညီ ဒီမှာ အ်ိပ်လို့ အဆင်မပြေရင် ကိုယ့်နားနေခန်းမှာ လိုက်အိပ်လေ.."

"လူနာလာစောင့်ပါတယ်ဆို ကိုကိုကလည်း.."

"ဖွဲ့ထူးရှိနေတာပဲကို ပြီးတော့ မင်းလူနာက ဒီတစ်ညလုံး ဆေးအရှိန်နဲ့ နိုးမှာမဟုတ်ဘူး.."

"အင်းပါ ကျွန်တော် အိပ်ချင်တဲ့အခါ ကိုကို့အခန်းကို ကူးခဲ့မယ်.."

ရှင်းခန့်က ခပ်တိုးတိုးပြောတော့မှ စစ်နိုင်းဘဝင်ကျစွာ ခေါင်းညိတ်တော့လေသည်။

***